ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၇၀) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၆၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၇၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကို တင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ ဦးဒွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ပြည်ပဆေးစစ်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြ၊ စစ်ကိုင်း (၇)၊ ကော်မတီလုပ်ငန်း။ ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)၊ ဥပဒေကြမ်း ကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဦးစိုးမြင့်၊ မကွေး(၆)၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး ဖြစ်ပါတယ်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း (၅)၊ လယ်ယာမြေ ကော်မရှင်လုပ်ငန်း။ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ဒေသဖွံ့ဖြိုးရေး။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ပါတီအစည်းအဝေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေး။ ဦးသန်းမြင့်၊ တနင်္သာရီ (၁၀)၊ ကျန်းမာရေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်(တာဝန်)။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးရဲဝင့်စိုး၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်(တာဝန်)။

ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျန်းမာရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တောင်သူ(၃)ဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့ တည်ဆောက်ရေး စီမံကိန်းအတွက် မြေယာများသိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံခဲ့ရသော်လည်း ယနေ့ထိတိုင် တောင်သူများ လက်ရောက် ပိုင်ဆိုင်ခွင့်မရှိခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တောင်သူ(၃)ဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့ တည်ဆောက်ရေး စီမံကိန်း အတွက် မြေယာများသိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံခဲ့ရသော်လည်း ယနေ့ ထိတိုင် တောင်သူများ လက်ရောက်ပိုင်ဆိုင်ခွင့်မရှိခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ဆက်ရင်း နှုတ်ဆက်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်ခင်ဗျာ။ ယနေ့ မေးခွန်းကို မေးမြန်းဖို့ခွင့်ပြုတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လာရောက်ဖြေကြားပေးတဲ့ ကာကွယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်အမှတ်(၃)မှာပါဝင်တဲ့ မဲဆန္ဒရှင် ပြည်သူလူထုသုံးဦးဖြစ်တဲ့ ဒေါ်တင်၊ မှတ်ပုံတင်အမှတ် AE/ ၁၄၁၀၉၀၃၊ ဦးမြသင်၊ နိုင်ငံသားစိစစ်ရေး အမှတ် ၁၃/လရန(နိုင်)၀၈၇၀၁၉ နဲ့ ဦးစောလွင်၊ နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/လရန(နိုင်)၀၁၇၁၁၈ တို့မှ ကူညီတောင်းခံလာပါသဖြင့် ယခုမေးခွန်းကို ၎င်းတို့၏ကိုယ်စား ကျွန်တော်က အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းသွား မှာဖြစ်ပါတယ်။

မေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရှိတောင်သူ (၃)ဦး၏ယာမြေများကို တပ်ရင်းတပ်ဖွဲ့ တည်ဆောက်ရေးစီမံကိန်းအတွက် မြေယာများသိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံခဲ့ရသော်လည်း ယနေ့ထိတိုင် တောင်သူများ လက်ရောက်ပိုင်ဆိုင်ခွင့် မရှိသေးခြင်းဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ အမှတ်(၁) ရပ်ကွက်၊ နယ်မြေ(၈)၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းဘေး၊ ကွင်းအမှတ်(၆၃)၊ ဦးပိုင်အမှတ် ၄၂၊ ၄၃၊ ၄၄ တို့ရှိ ယာမြေများကို ဦးကျော(ခ) ဦးကျောက်ဖြူး+ဒေါ်ခင်ညွန့်ပိုင်မြေ (၃.၅၀)ဧကခန့်အား (၁၆.၆.၁၉၈၈)ရက်နေ့တွင် ဒေါ်တင်မှ ဝယ်ယူ၍ စိုက်ပျိုးလုပ်ကိုင်လာခဲ့ပါတယ်။ ထို့အတူ ဦးဖိုးတင် အမည်ပေါက် မြေ(၄.၀၀)ဧကခန့်အား ဝယ်ယူသူ ဒေါ်စောမေ ထံမှတစ်ဆင့် (၃၀.၉.၁၉၉၁)ရက်နေ့ တွင် ဦးမြသင်မှ ပြန်လည်ဝယ်ယူ၍လည်းကောင်း၊ ဦးဖိုးတင်အမည်ပေါက် (၃.၅၀)ဧကခန့်အား ဝယ်ယူ ထားသူ ဒေါ်သိန်းနွယ်ထံမှ (၂၃.၁.၁၉၉၂)ရက်နေ့တွင် ဦးစောလွင်မှ ပြန်လည်ဝယ်ယူ၍ အသီးသီး စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်လာကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုပါမြေကွက်ပေါ်တွင် ၎င်းတို့မိသားစုများ ရိုးသားကြိုးစားစွာ စိုက်ပျိုး စားသောက်၍ လူမချမ်းသာသော်လည်း စိတ်ချမ်းသာစွာနေထိုင်လာစဉ် ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်မှ ၎င်းတို့ပိုင်ယာမြေအား တပ်ပိုင်မြေအဖြစ်သိမ်းဆည်းခဲ့ပါသဖြင့် ၎င်းတို့

မိသားစုများကလည်း ဖယ်ရှားပေးခဲ့ရပါတယ်။ ၎င်းတို့အနေနဲ့လည်း နိုင်ငံတော်အစိုးရ၏ အမိန့်အာဏာကို မဖီဆန်ဝံ့သူများ၊ ရိုးသား၍ကြောက်ရွံ့တတ်သူများ ဖြစ်သည့်အားလျော်စွာ အသာတကြည်ပင် ၎င်းတို့နေအိမ်၊ ဥယျာဉ်ခြံမြေနှင့် ယာခင်းများအား စွန့်လွှတ်ပေးခဲ့ကြပါတယ်။

ထိုကဲ့သို့ ၎င်းတို့ပိုင် ယာမြေများ စွန့်လွှတ်လိုက်ရတဲ့အတွက် ယာမြေများတွင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင် ရပ်တည်ခဲ့သည့်မိသားစုများအနေဖြင့် အတိဒုက္ခရောက်ခဲ့ကြောင်း သိရှိရပါတယ်။ ထိုစဉ်အချိန်ကာလက မည်သည့်ပုဂ္ဂိုလ်တစ်ဦးကမျှ လာရောက်ပြီး ဆက်သွယ်၍နစ်နာကြေးပေးခြင်း၊ မြေအစားထိုးလျော်ကြေးများပေးခြင်းမရှိခဲ့ပါသဖြင့် မိသားစုစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစွာဖြင့် ဘဝကိုဖြတ်သန်းခဲ့ရ ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုပါ သိမ်းဆည်းခံမြေများသည် ခလရ (၄၁)၊ ခမရ(၅၂၂) တပ်များနှင့် မန္တလေး-လားရှိုး လမ်းမကြီး ခြားနေတဲ့အပြင် ခလရ (၄၁)၊ ခမရ(၅၂၂) အမှတ်(၁၀)၊ စစ်မြေပြင်ဆေးတပ်ရင်း၊ ခြံစည်းရိုးအုတ်တံတိုင်းများ၏ အပြင်ဘက်တွင် တည်ရှိပါတယ်။ ၎င်းတို့ထံမှ သိမ်းဆည်းထားသော မြေဧရိယာများအတွင်းတွင် သက်ဆိုင်ရာတပ်ဖွဲ့များအနေဖြင့် ယနေ့အချိန်အထိ မည်သည့်အဆောက်အဦမှမဆောက်ဘဲ မြေကွက်လပ်အဖြစ်သာ တွေ့မြင်နေရပါတယ်။

၎င်းတို့အနေနဲ့ တပ်မတော်အစိုးရ၏ အမိန့်အာဏာကို လေးစားတန်ဖိုးထားသောအားဖြင့် စောဒကတက်ခြင်း လုံးဝမရှိခဲ့ဘဲ အသာတကြည်စွန့်လွှတ်ခဲ့သော်လည်း ၎င်းတို့ယာမြေ၏မြောက်ဘက်တစ်ဆက်တစ်စပ်တည်းတွင်ရှိသော မြေပိုင်ရှင်တစ်ဦးသည် စွန့်လွှတ်ပေးခဲ့ရခြင်းမရှိဘဲ ယနေ့တိုင်တိုက်အိမ်ဆောက်၍ အခြေချနေထိုင်လျက်ရှိနေသည့်အပြင် အိမ်မြေဂရန်ပါ ရရှိထားပြီးကြောင်းလည်း ကြားသိရပါတယ်။ ထို့ပြင် ၎င်းတို့သိမ်းဆည်းခံမြေထဲမှ တပ်ဦးကျောင်း၏ အရှေ့ဘက်နှင့်အမှတ်(၁၀)၊ စစ်မြေပြင် ဆေးတပ်ရင်းခြံစည်းရိုးကြားရှိ မြေနေရာကို နှင်းနှင်းခိုင်ကုမ္ပဏီ၊ Ve Ve အချိုရည်မှ အဆောက်အဦများဆောက်လုပ်၍ ရုံးခွဲဖွင့်လှစ်၍ လုပ်ကိုင်လျက်ရှိကြောင်းကိုလည်း တင်ပြလိုပါတယ်။ နိုင်ငံတော်မှကျင့်သုံးလျက်ရှိသော တရားဥပဒေစိုးမိုးရေးမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအပေါ် တပြေးညီဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့သော မိမိတို့အတွက် ဤကိစ္စအပေါ်တွင် နားလည်ရန်ခက်ခဲစေပါကြောင်း မြေသိမ်းဆည်းခံရသူများက သံသယစိတ်ဝင်စေပါတယ်။

သို့ဖြစ်ပါ၍ တပ်မတော်အနေနဲ့ တပ်ရင်းတပ်ဖွဲ့များ တည်ဆောက်ရန် အမှန်တကယ်လိုအပ်ပြီးလုံခြုံရေးအရ လိုအပ်ပါက မြေယာများကို သိမ်းဆည်းခြင်းများကို နားလည်လက်ခံပါသော်လည်း ယခု အဆိုပါ တောင်သူ(၃)ဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့တည်ဆောက်ရေး စီမံကိန်းအတွက် မြေယာများသိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံခဲ့ရသော်လည်း ယနေ့ထိတိုင် တောင်သူများ လက်ရောက်ပိုင်ဆိုင်ခွင့် မရရှိသေးပါသဖြင့် ၎င်းတို့၏ ယာမြေများအား သက်ဆိုင်ရာမှ ပြန်လည်စွန့်လွှတ်ပေးသွားရန် အစီအစဉ်ရှိ/မရှိကြောင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျာ။ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ၏ ရှမ်းပြည်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တောင်သူ(၃)ဦး၏ မြေများကို တပ်ရင်းတပ်ဖွဲ့ တည်ဆောက်ရေးစီမံကိန်းအတွက် မြေယာများသိမ်းဆည်းခံရမှုတွင် စစ်ထောက်ချုပ်၏ ချန်လှပ်ထားမှုခံခဲ့ရသော်လည်း ယနေ့ထိတိုင်အောင် တောင်သူများလက်ရောက် ပိုင်ဆိုင်ခွင့်မရှိသေးတာနဲ့ပတ်သက်လို့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းဖြေကြားသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ အမှတ်(၄၁)၊ ခြေလျင်တပ်ရင်း၊ တပ်ပိုင်မြေ သိမ်းဆည်းစဉ်က လားရှိုးမြို့နယ်၊ မြို့သစ်မြေဧရိယာ(၂၁၇.၅၁)ဧကဖြင့် လုံလောက်မှုရှိသော်လည်း ကွင်းအမှတ်(၆၃)၊ အကွက်အမည်(နားမခေါ်)ရှိ ယာမြေ(၁၈.၃၆)ဧကနှင့် ဥယျာဉ်ခြံမြေ(၀.၅၀)ဧကတို့မှာ တပ်ရင်း၏လုံခြုံရေးလိုအပ်ချက်အရ ရှိပါသဖြင့် မြို့သစ်မြေဧရိယာ(၂၁၇.၅၁)ဧက၊ ယာမြေ(၁၈.၃၆)ဧက၊ ဥယျာဉ်ခြံမြေ(၀.၅၀)ဧက၊ စုစုပေါင်း(၂၃၆.၃၇)ဧကအား တပ်မြေသိမ်းဆည်းရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အမှတ်(၄၁)ခြေလျင်တပ်ရင်း၏ တပ်ပိုင်မြေသိမ်းဆည်းမှု အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်၊ မတ်လ(၃၀)ရက်စွဲပါ စာအမှတ်၊ ၂၀၀/၁-၅/ဦး ၁ ဖြင့်(၂၁၇.၅၁)ဧကအား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်၊ မတ်လ(၃၀)ရက်စွဲပါ စာအမှတ် ၂၀၀/၁-၄/ ဦး ၁ ဖြင့် လည်းကောင်း၊ (၁၈.၈၆)ဧကအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၃ ခုနှစ်၊ ဇွန်လ (၂၆) ရက်စွဲပါ စာအမှတ်၊ ၂၀၀/၁-၅ /ဦး ၁ ဖြင့်(၅၂.၆၃၇)ဧကအား လည်းကောင်း၊ စုစုပေါင်း (၂၈၉.၀၀၇) ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်များ ရရှိပြီးဖြစ်ပါတယ်။ ဒီမြေ (၂၈၉.၀၀၇) ဧကအနက် အမှတ်(၂)ထောက်လှမ်းရေးတပ်အတွက်(၁၀၀)ဧကကို ခွဲဝေပေးပြီး၊ ၂၀၀၆ ခုနှစ်၊ အမှတ်(၂) ထောက်လှမ်းရေးတပ်နေရာကို အမှတ်(၅၂၂)ခြေမြန်တပ်ရင်း ပြောင်းရွှေ့ဖွင့်လှစ်ကာ အမှတ်(၄၁) ခြေလျင်တပ်ရင်း၊ တပ်မြေသိမ်းဆည်းစဉ်ကပါတဲ့ ယာမြေ(၁၈.၃၆)ဧကနဲ့ ဥယျာဉ်ခြံမြေ (၀.၅၀)ဧက၊ စုစုပေါင်း(၁၈.၈၆)ဧက ကနေပြီးတော့ ဦးပိုင်ပေါက်မူလပိုင်ရှင်(၈)ဦးအား မြေလျော်ကြေးနဲ့ သီးနှံလျော်ကြေးများ ပေးလျော်ခဲ့ပြီးဖြစ်သော်လည်း တပ်ရင်းများ၏လုံခြုံရေးနှင့် ကင်းလွတ်မှုရှိပါသဖြင့် မြေသိမ်းဆည်းခံတောင်သူများ၏အကျိုးငှာ ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း ကျွန်တော်၏ ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပခုက္ကူ-မြစ်ခြေ လမ်းမကြီးမှ ရှားပင်ကိုင်း ကျေးရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူ-မြစ်ခြေ လမ်းမကြီးမှ ရှားပင်ကိုင်း ကျေးရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ ပခုက္ကူ-မြစ်ခြေ ကိုဆက်သွယ်သွားလာတဲ့ ကားလမ်းမှ ရှားပင်ကိုင်းကျေးရွာသို့ ဆက်သွယ်သွားလာသည့် မြေသားလမ်းအားမြေသားမြှင့်တင်ပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူမြို့နယ်၊ ရှားပင်ကိုင်းကျေးရွာအုပ်စုဟာ ပခုက္ကူမြို့ရဲ့ အနောက်တောင်ဘက်(၁၀)မိုင်ခန့်အကွာမှာ ပခုက္ကူ-မြစ်ခြေ ကားလမ်းမကြီးရဲ့တောင်ဘက် (၁)မိုင်နဲ့(၆)ဖာလုံခန့်အကွာမှာ တည်ရှိပါတယ်။ ၎င်း ကျေးရွာအုပ်စုမှာ ရှားပင်ကိုင်းကျေးရွာ၊ မြဇလုပ်ကျေးရွာ၊ လှည်းချောင်းပေါက်ကျေးရွာ ကျေးရွာ သုံးခုပါရှိပြီးတော့ အိမ်ထောင်စု(၂၇၀)ကျော် နေထိုင်လျက်ရှိကြပါတယ်။ ၎င်းကျေးရွာအုပ်စုဟာဧရာဝတီမြစ်ကမ်းဘေးမှာ တည်ရှိပြီးတော့ ရေတက်ရာသီမှာ မိုးတွင်းကာလတွေမှာ ရေဝင်ရောက်ရာ ဒေသလည်းဖြစ်ပါတယ်။ ဒေသမှာရှိတဲ့ ပြည်သူတွေဟာ ရေဝင်ရောက်ရာဒေသဖြစ်တဲ့အလျောက် စိုက်ပျိုးရေးကို အဓိကထားပြီးတော့ လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။

ကျေးရွာများအားရေဝင်ရောက်ရာမှာ ဒေသဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးဟာ ခက်ခဲစွာဖြင့် သွားလာကြရပါတယ်။ လမ်းအဖြစ် သီးခြားဖောက်လုပ်ထားခြင်းမရှိဘဲနဲ့ အဆင်ပြေသလို လှည်းလမ်းမများနဲ့ သွားလာနေကြရပါတယ်။ သို့ရာတွင် ယခုအချိန်မှာ မိုးနည်းရာသီ သွားလာမှုနည်းပါးသောကြောင့် မြစ်ရေဝင်ရောက်မှုနည်းပါးတာကို တွေ့ရှိရပါတယ်။ မြစ်ရေဝင်ရောက်ချိန်မှာလည်းပဲ ယခုအခါမှာဆိုလို့ရှိရင် ငါးနှစ်တစ်ကြိမ်ခန့်သာ ဝင်ရောက်ပြီးတော့ ရေဝင်ရောက်သည့်ကာလမှာလည်းပဲ ကြာမြင့်ခြင်းမရှိဘဲနဲ့ အမြင့်ပေနှစ်ပေခန့်သာဝင်ရောက်ခဲ့ပါတယ်။ မြစ်ရေတက်ချိန်မှာ လက်ရှိ မြေသားလမ်းပေါ်မှာ ရေအမြင့်ပေ နှစ်ပေခန့်သာရှိကြောင်း သိရှိရပါတယ်။ လက်ရှိအသုံးပြု နေသော မြေသားလမ်းမှာ ရေတက်ချိန်တွင် လမ်းပေါ်မှာရေနှစ်ပေခန့်ရှိပြီး ရေပြန်ကျသွားတဲ့ အခါမှာလည်းပဲ သွားလို့မရလောက်အောင် ပျက်စီးပြီးတော့ကျန်ရစ်ခဲ့ပါတယ်။ လက်ရှိမြေသားလမ်းဟာ ရေဝင်

ဒေသများဖြစ်တဲ့ ရှားပင်ကိုင်း၊ မြဇလုပ်၊ လှည်းချောင်းပေါက်ကြီး၊ ကူကျွန်း၊ လက်ပံကျွန်း၊ ရေလဲ၊ ဇီးတော၊ ဘုံသာ စတဲ့ ကျေးရွာပေါင်း(၈)ရွာမှ ပြည်သူ(၃၀၀၀)ကျော်တို့ သွားလာအသုံးပြုတဲ့ အဓိက လမ်းမကြီး ဖြစ်ပါတယ်။ ၎င်းကျေးရွာမှာရှိတဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူ (၃၅၀)ကျော်မှာလည်းပဲ နေ့စဉ်ပညာသင်ကြားရေးအတွက် ၎င်းလမ်းကြီးကို အသုံးပြုပြီး သွားလာနေကြရပါတယ်။

ကျေးလက်ဒေသနေပြည်သူများရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ၎င်းလမ်းအား အဓိကထားပြီး အသုံးပြုနေကြရတာ ဖြစ်ပါတယ်။ ၎င်းလမ်းအပိုင်းအား မြေသားမြှင့်တင် ပေးပြီး ကျောက်စီကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ဒေသခံပြည်သူများက လိုလားတောင့် တလျက်ရှိကြပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပခုက္ကူနှင့် မြစ်ခြေ ဆက်သွယ်သွားလာသည့် ကားလမ်းမမှ ရှားပင်ကိုင်းကျေးရွာသို့ ဆက်သွယ်သွားလာသည့် လမ်းအား မြေသားမြှင့်တင်ပြီးတော့ ကျောက်စီ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာ နှစ်မှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာ အောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ် (၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြား သွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူ-မြစ်ခြေ ကားလမ်းမကြီးမှ ရှားပင်ကိုင်းကျေးရွာ ကို ဆက်သွယ်တဲ့ လမ်းကတော့အရှည်(၁)မိုင်(၆)ဖာလုံရှိတဲ့ မြေသားလမ်းဖြစ်ပြီး၊ ကျေးရွာ(၈)ရွာ၊ အိမ်ခြေ (၉၁၁)အိမ်၊ လူဦးရေ (၄၉၉၂)ဦးကို အကျိုးပြုတဲ့ လမ်းပဲဖြစ်ပါတယ်။ အဆိုပါလမ်းကို မြေသားလမ်း (၆)ဖာလုံ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မယ်ဆိုပါက ငွေကျပ်(၁၂.၅၉)သန်း၊ ကျောက်ချောလမ်းခင်း ပါက ငွေကျပ်(၁၀၂.၁၃)သန်း စုစုပေါင်းငွေကျပ်(၁၁၄.၇)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ မကွေးတိုင်း ဒေသကြီးအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၁၁၈၇၆.၁၁၁)သန်းနဲ့

ကတ္တရာလမ်း(၁၀)မိုင်(၃)ဖာလုံ၊ ကျောက်ချောလမ်း(၁၁၂)မိုင်(၅)ဖာလုံ၊ မြေသားလမ်း(၁၄၀)မိုင်(၂) ဖာလုံ၊ သစ်သားတံတား(၂၃၀၁)ပေ၊ ကွန်ကရစ်ရေကျော်(၄၃၅၀)ပေနဲ့ Box Culvert (၃၂၁)ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီး ဖြစ်ပါတယ်။

ပခုက္ကူမြို့နယ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၁၆၈.၃၆) သန်းနဲ့ ကျောက်ချောလမ်း(၂)မိုင်(၄)ဖာလုံ၊ မြေသားလမ်း(၂)မိုင်(၃)ဖာလုံတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်သော်လည်းပဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းလာတဲ့ ပခုက္ကူမြို့နယ် အတွင်းမှာရှိတဲ့ ပခုက္ကူ-မြစ်ခြေကားလမ်းမကြီးမှ ရှားပင်ကိုင်းကျေးရွာသို့ ဆက်သွယ်တဲ့ လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြခြင်းမရှိသေးပါကြောင်းနဲ့ လတ်တလောမှာ ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အကျဉ်းထောင်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အကျဉ်းထောင်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ပထမဦးစွာ ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒီကနေ့ဆွေးနွေးမယ့် အကျဉ်းထောင်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကို စတင်တင်သွင်းကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း နိုင်ငံရေးအကျဉ်းသားအဖြစ် အကျဉ်းထောင်ထဲကို (၅)ကြိမ်၊ အကျယ်ချုပ်(၁)ကြိမ် ကျခံခဲ့ရပြီးတော့ ဖျာပုံထောင်၊ အင်းစိန်ထောင်၊ စစ်တွေထောင် အသီးသီးကို ကျွန်တော် ရောက်ရှိခဲ့ဖူးပါတယ်။ ထောင်အသီးသီး ရောက်ရှိစဉ်မှာလည်း အတွေ့အကြုံအမျိုးမျိုးကို ကျွန်တော် တွေ့ကြုံခံစားခဲ့ရပါတယ်။ ထောင်အသီးသီးရဲ့ အားနည်းချက်၊ အားသာချက်တွေကိုလည်း ဘဝနဲ့ရင်းပြီးတော့ ကျွန်တော် တွေ့ကြုံသိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လိုပဲ နိုင်ငံရေးအကျဉ်းကျဖူးတဲ့ သူငယ်ချင်းများနဲ့ တွေ့ဆုံပြီးတော့ နိုင်ငံရေးအကျဉ်းသား တော်တော်များများ ပြစ်မှု၊ ပြစ်ဒဏ်များနဲ့ ကျခံခဲ့ရဖူးတဲ့ ပုဂ္ဂိုလ်အသီးသီးရဲ့ ခံစားချက်တွေ၊ အကျဉ်းဦးစီးရဲ့ ဝန်ထမ်းအဆင့် အသီးသီးနဲ့ တွေ့ကြုံစဉ်မှာ တရင်းတနှီးနဲ့ သူတို့နဲ့ စကားပြောပြီးတော့ သူတို့ရဲ့ခံစားချက်တွေ ဒီဟာတွေကို ကျွန်တော့်အနေနဲ့ တတ်နိုင်သမျှ စုစည်းခြုံငုံသုံးသပ်ပြီးတော့ အပြုသဘောဆောင်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ခင်ဗျား။ ဒါကြောင့်မို့လို့ ဒီ တင်ပြလိုတဲ့ အချက်အလက်တွေ များတဲ့အတွက် အတတ်နိုင်ဆုံး၊ အတိုချုံး ဆွေးနွေးနိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ်ခင်ဗျား။ အချိန်ပိုသွားရင်လည်း ဘဝနဲ့ရင်းပြီးတော့ သိတဲ့ အသိကို အမှားအယွင်းနည်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆွေးနွေးတာဖြစ်လို့ ဆွေးနွေးချက်တွေ ပြီးဆုံး တဲ့အထိ ခွင့်ပြုပေးပါလို့ ဥက္ကဋ္ဌကြီးကိုလည်း လေးစားစွာဖြင့် ကြိုတင်တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး နိဒါန်းအနေနဲ့က ကျွန်တော်တို့ အကျဉ်းသားများအား ပြစ်ဒဏ် အများကြီး ကျွန်တော်ဟို ပြီးတဲ့အထိဖတ်ပြရမယ်ဆိုရင် အချိန်တွေလုံလောက်မှု မရှိတဲ့အတွက် ကျွန်တော် ပြင်ဆင်ချင်တဲ့ အပိုင်းလေးတွေကိုပဲ ဖတ်ပြခွင့်ပေးပါခင်ဗျား။ အကျဉ်းသားများအား ပြစ်ဒဏ်ပေးသည့် သဘောမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲပေးရန်၊ လူကောင်း၊ သူကောင်း များ ဖြစ်လာစေရန်နှင့် ပြစ်ဒဏ်မှ လွတ်မြောက်ပြီးသောအခါ ဒီ အသက်မွေးဝမ်းကျောင်းနဲ့ ဒီ အလုပ် တွေကို သင်ကြားတတ်မြောက်စေဖို့ဆိုပြီးတော့ ပြဋ္ဌာန်းကြောင်းဆိုပြီးတော့ ဒီ ပြည်ထောင်စုလွှတ်တော် ကနေ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုပြီးတော့ ရည်ရွယ်ချက်ကောင်းနဲ့ ကျွန်တော်တို့ တင်ပြလာတာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ အနေနဲ့ သုံးသပ်ချင်တာက ဒီ အကျဉ်းသားတွေက တကယ့် တကယ်မှာ ဒီ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲဖို့ ဆိုတာက စာရိတ္တမြင့်မားလာဖို့က အဓိကရည်ရွယ်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြုပြင်ဖို့လိုအပ်ပါတယ်။

အကျင့်စာရိတ္တတွေကောင်းမှ ကျွန်တော်တို့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေကို စနစ် တကျ ကျွန်တော်တို့အနေနဲ့ ကိုင်တွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဖြည့်စွက်ချင် တာကတော့ စကားလုံးအရ အကျဉ်းသားများအား စာရိတ္တမြင့်မားလာစေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲပေးရန် လူကောင်းသူကောင်းများ ဖြစ်လာစေရေးနှင့်ဆိုတဲ့ အချက်ကို ထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်ခင်ဗျား။

နောက်တစ်ခုက စာမျက်နှာ(၂)၊ အခန်း(၁)မှာ အခန်း(၁)ရဲ့ စာမျက်နှာ(၂)မှာပါတဲ့ ၂(ဂ)မှာ စခန်းဆိုသည်မှာဆိုတဲ့ အပိုဒ်မှာ ကျွန်တော်က အလုပ်စခန်းလို့ ကျွန်တော့်အနေနဲ့ ပြောင်းချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ စခန်းဆိုတာ ပြစ်ဒဏ်ကျအကျဉ်းသားတွေအတွက်ကို ဖွင့်လှစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ အသက်မွေး ဝမ်းကျောင်းပညာတွေကို သင်ကြားပေးဖို့၊ အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ သတ်မှတ်ထားတဲ့ အကျဉ်း ဦးစီးဌာနရဲ့ နေရာတစ်ခုခုကိုဆိုသည်လို့ ဆိုတဲ့နေရာမှာ ဒါတွေဟာ အကျဉ်းသားတွေကို အလုပ်လုပ်ပြီး တော့ ဒီအလုပ်တွေကိုလည်း သူတို့ဘဝတွေ ကျွန်တော်တို့ အကျဉ်းထောင်ထဲကနေ လွတ်မြောက်သွားတဲ့ အခါမှာ ဒီအသိတွေယှဉ်ပြီးတော့ သူတို့ကျွမ်းကျင်လာအောင် ဒီလုပ်ငန်းတွေရဲ့အသိတွေ၊ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ရေးတွေ ကျွမ်းကျင်လာပြီးတော့ သူတို့ရဲ့ အသက်မွေးဝမ်း ကျောင်းပညာတွေ တတ်မြောက်စေချင်တဲ့အတွက် ဒါတွေဟာ အလုပ်စခန်းတွေအနေနဲ့ ဖွင့်ထားတာ ဖြစ်တဲ့အတွက် ဒီနေရာမှာ စခန်းဆိုတဲ့ စကားလုံးဟာ မလုံလောက်ဘဲနဲ့ အလုပ်စခန်းဆိုတာလေးကို ပြင်ဆင်စေချင်ပါတယ် ခင်ဗျား။

နောက်တစ်ခုက အခန်း(၁)၊ စာမျက်နှာ(၃)မှာပါတဲ့ စာမျက်နှာ (၃)ရဲ့ ပုဒ်မ ၂(င)မှာပါတဲ့ ပြစ်ဒဏ်ကျ အကျဉ်းသားဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားသဖြင့် တရားရုံး

တစ်ခုခု သို့မဟုတ် ဥပဒေအရ အခွင့်အာဏာရသူ တစ်ဦးဦး၏ ထောင်ချမိန့် သို့မဟုတ် စာချွန်တော် အမိန့်ဖြင့် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန် ပို့အပ်ခြင်းခံရသူကို ဆိုသည်လို့ ဆိုပြီးတော့ မူလ ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ချင်တာကတော့ ပြစ်ဒဏ်ကျ အကျဉ်းသားဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားသဖြင့် တရားရုံး တစ်ခုခု သို့မဟုတ် ဥပဒေအရ အပြစ်ဒဏ်ချပိုင်ခွင့်ရှိသော အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် စာချွန်တော် အမိန့်ဖြင့် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန် ပို့အပ်ခြင်းခံရသူကိုဆိုသည်ဆိုပြီးတော့ ပြင်ဆင် ဖြည့်စွက်ချင်ပါတယ်။

ဘာကြောင့်လည်းဆိုတော့ ဒီနေရာမှာ အာဏာရတစ်ဦးဦးဆိုတာဟာ တစ်ဦးတစ်ယောက် တည်းကနေ ဆုံးဖြတ်တဲ့အမိန့်ကို ရည်ညွှန်းရာ ရောက်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစကားလုံးကို သုံးမယ် ဆိုရင် မသင့်တော်ပါဘူး။ တစ်ဦးတစ်ယောက်ကို အာဏာအပြည့်ပေးသလို ဖြစ်သွားမှာ စိုးတဲ့အတွက် ဆွေးနွေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ အခန်း(၁)၊ စာမျက်နှာ(၃)မှာပါတဲ့ ပုဒ်မ ၂(ဋ)၊ စာမျက်နှာ(၃)၊ ပုဒ်မ (ဋ)၊ မှုခင်းမှတ်တမ်းဆိုသည်မှာ ပြစ်ဒဏ်ကျ အကျဉ်းသားနှင့် စပ်လျဉ်း၍ လက်ပုံစံနှင့် ခြေပုံစံပါ မှတ်တမ်းများကို ဆိုသည်လို့ မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ လိုအပ်ချက်ရှိမယ်လို့ ကျွန်တော့်အနေနဲ့ ထင်တာကတော့ မှုခင်းမှတ်တမ်းဆိုသည်မှာ ပြစ်ဒဏ်ကျ အကျဉ်းသားနှင့် စပ်လျဉ်း ၍ ဓာတ်ပုံ၊ လက်ပုံစံနှင့် ခြေပုံစံပါနှင့် အခြားမှုခင်းမှတ်တမ်းများကို ဆိုသည်ဆိုပြီးတော့ ဓာတ်ပုံနဲ့ ကျွန်တော်တို့ ဓာတ်ပုံ၊ အခြား မှုခင်းမှတ်တမ်းများကိုပါ ထည့်သွင်းစေချင်ပါတယ်ခင်ဗျား။ ဘာကြောင့် လည်းဆိုတော့ မှတ်တမ်းဓာတ်ပုံဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီ အကျဉ်းသားတစ်ယောက်ရဲ့ ဘဝမှာ ဒါကြောင့် ဒီနေရာမှာ ဓာတ်ပုံကိုတော့လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ မှုခင်းမှတ်တမ်းတွင် ဓာတ်ပုံဟာ မရှိမဖြစ်မှတ်တမ်းတင်ထားရမှာ ဖြစ်တဲ့အတွက် အမှုနဲ့ ပတ်သက်တဲ့ အခြားသော အရေးကြီးတဲ့ အချက်အလက်တွေကိုလည်း မှတ်တမ်းယူထားရမှာဖြစ်တဲ့ အတွက် ဒီ အချက်လေးကို ထည့်သွင်းစေချင်တာ ဖြစ်ပါတယ်ခင်ဗျား။

နောက်တစ်ခုကတော့ အခန်း(၁)၊ စာမျက်နှာ(၃)မှာပါတဲ့ စာမျက်နှာ(၃)၊ ပုဒ်မ ၂(ဍ)မှာ တရားဝင် ဧည့်သည်ဆိုသည်မှာ အကျဉ်းထောင်နှင့် အကျဉ်းသားများအား အကူအညီပေးရန် အကျဉ်း ထောင်သို့ လာရောက်ခွင့်ရသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကျိုးဆောင်ပုဂ္ဂိုလ်များ ကိုဆိုသည်လို့ မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ တရားဝင်ဧည့်သည်ဆို သည်မှာ အကျဉ်းထောင်နှင့် အကျဉ်းသားများအား အကူအညီပေးရန်၊ လေ့လာရန်၊ စစ်ဆေးရန် အကျဉ်းထောင်သို့ လာရောက်ခွင့်ရသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကျိုးဆောင် ပုဂ္ဂိုလ်များကိုဆိုသည်လို့ ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီနေရာမှာ လေ့လာ ရန်နဲ့ စစ်ဆေးရန်ကို ကျွန်တော်အနေနဲ့ ထည့်စေချင်ပါတယ်။ တချို့ ပြည်တွင်းအဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေက အကျဉ်းထောင်ကို လေ့လာခွင့်ရရှိဖို့အတွက် စီစဉ်ပေးသင့်သလို လိုအပ်လာတဲ့အခါမှာ ဥပမာ IC, RC လို အဖွဲ့အစည်းကြီးတွေ၊ နိုင်ငံတကာက ယုံကြည်လေးစားတဲ့ ဒီလို အဖွဲ့အစည်းကြီးတွေ၊ စစ်ဆေးခွင့်ရတဲ့ အဖွဲ့အစည်း ကိုယ်စားလှယ်တွေကိုလည်း စစ်ဆေးခွင့် ပြုသင့်ပါတယ်။ ဒါမှသာ နိုင်ငံတကာမှာ ကျွန်တော် တို့ ဒီ အကျဉ်းထောင်တွေရဲ့ ပုံရိပ်က ကျွန်တော်တို့

အနေနဲ့ အားနည်းချက်တွေကို ကျွန်တော်တို့အနေနဲ့ မရှိဘူးဆိုတာကို ကျွန်တော်တို့ အနေနဲ့ အားနည်းချက်တွေ နည်းတယ်ဆိုတာကို ပြနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေရာမှာတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဒီ အကျဉ်းထောင်များ ဥပဒေကို ပြဋ္ဌာန်းတဲ့ နေရာမှာ ကျွန်တော်တို့ အနေနဲ့ စစ်ဆေးခွင့်ရှိတယ်။ လာရောက်စစ်ဆေးပါ။ IC, RC လို ဒီ အဖွဲ့အစည်းကြီးတွေ အနေနဲ့ လာရောက်စစ်ဆေးတဲ့ အခါမှာ ခွင့်ပြုနိုင်တယ်ဆိုတဲ့ လေ့လာနိုင်တယ်။ ကျွန်တော်တို့ နောက်တစ်ခါ စစ်ဆေးနိုင်တယ်ဆိုတဲ့ အချက်ကို ထည့်စေချင်တာ ဖြစ်ပါတယ် ခင်ဗျား။

နောက်တစ်ခုကတော့ အခန်း(၁)၊ စာမျက်နှာ(၄)မှာပါတဲ့ ပုဒ်မ ၂(ပ) အကျဉ်းထောင်လုပ်ငန်းများ ဆိုသည်မှာ အကျဉ်းထောင်တွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနဲ့ အကျဉ်းထောင်အတွင်း အထွေထွေလုပ်ငန်းများကို ဆိုသည်ဆိုတဲ့ နေရာမှာ အဲဒီ အထွေထွေ လုပ်ငန်းများဆိုတဲ့ နောက်မှာ ကွင်းစ၊ ကွင်းပိတ်နဲ့ အကျဉ်းထောင်ပြင်ပ ပုဂ္ဂလိကလုပ်ငန်းများ၊ ဝန်ထမ်းတို့၏ အကျိုးစီးပွား၊ ဝန်ထမ်းတို့အတွက် ပုဂ္ဂလိကလုပ်ငန်းများ မပါကိုဆိုသည်ဆိုတာကို ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ အကျဉ်းထောင်ထဲမှာ ရောက်တဲ့အချိန်မှာ အကျဉ်းထောင်ဝန်ထမ်းတွေကို ဘုတ်ထုတ်တဲ့အချိန်မှာ အကျဉ်းသားတွေကို အပြင်ဘုတ်ထုတ်တယ်။ ဘုတ်ထုတ် တဲ့အခါမှာ သူတို့ရဲ့ကိုယ်ပိုင်၊ ဒါကလည်း ကျွန်တော်တို့ အကျဉ်းထောင်ဝန်ထမ်းတွေရဲ့ လစာမလုံလောက်မှုတွေလည်း ပါပါလိမ့်မယ်။ ဒါတွေကတော့ နောက်ပိုင်းမှာ တိုင်းပြည်တိုးတက်လာတဲ့အချိန်မှာ ကျွဲကူးရေပါ ဒါတွေနည်းသွားမယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ဥပဒေပြဋ္ဌာန်းတဲ့နေရာမှာ ဒါတွေကို ပြင်ဆင်စေချင်တာက အကျဉ်းထောင်ဝန်ထမ်းတွေက အကျဉ်းသားတွေကို ထုတ်သွားတယ်။ အပြင်ရောက်ရင် အဲဒီ အကျဉ်းသားတွေကို သူ့ရဲ့ ပုဂ္ဂလိက လုပ်ငန်းတွေမှာ သူက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ အသုံးပြုတယ်။

နောက်တစ်ခါ အပြင်ရဲ့ တချို့သော ပုဂ္ဂိုလ်တွေ ငွေရှင်ကြေးရှင်ပုဂ္ဂိုလ်တွေဆီမှာ ဒီ အကျဉ်းသားတွေကို အလုပ်သွားပြီးတော့ လုပ်အားအနေနဲ့ အလုပ်စေခိုင်းတယ်။ ရလာတဲ့ ငွေကြေးတွေကို သူက ယူလိုက်တယ်။ တစ်ဝက်လောက်ကိုတော့ ခုနပြောတဲ့ အကျဉ်းသားတွေကို ပြန်ပြီးတော့ စားဖို့ သောက်ဖို့လေး အနည်းအကျဉ်းပြန်ပြီးဝေငှတာရှိတယ်။ ဒါဟာ လက်တွေ့ ပြဿနာတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာတွေမှာ ကျွန်တော့်အနေနဲ့ ဒီအချက်ကိုထည့်ပြီးတော့ ဥပဒေမှာ ပြဋ္ဌာန်းထားမယ်ဆိုရင် ကျွန်တော်တို့ ထိန်းကျောင်းတဲ့ပုံသဏ္ဌာန်လေး ဖြစ်သွားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နောက်တစ်ခုက အခန်း(၁)၊ စာမျက်နှာ(၅)မှာပါတဲ့ ကျန်းမာရေးဝန်ထမ်းဆိုသည်မှာ အကျဉ်းဦးစီးဌာနတွင် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်းတာဝန် ထမ်းဆောင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဖြစ်စေ၊ ဝန်ကြီးဌာနမှ တိုက်ရိုက်ဖြစ်စေ တရားဝင်အသိအမှတ်ပြု ခန့်ထားသော ဝန်ထမ်းကို ဆိုသည်ဆိုပြီးတော့ မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်ချင်တာကတော့ ကျန်းမာရေးဝန်ထမ်းဆိုသည်မှာ အကျဉ်းဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ခံ ကျန်းမာရေးဝန်ထမ်းကို ဆိုလိုသည်လို့ ကျွန်တော့်အနေနဲ့

ပြင်ဆင်စေချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျန်းမာရေးဝန်ထမ်းကို ပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ခန့်အပ်တယ်ဆိုတာ မဖြစ်သင့်ပါဘူး။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဌာန(၂)ခုရှိနေတဲ့အတွက် ကျန်းမာရေးဌာနကို ပြည်ထဲရေးဌာနကနေပြီးတော့ သူလိုသလို တိုက်ရိုက်ခေါ်ပြီးတော့ တာဝန်ခိုင်းမယ်။ တာဝန်ပေးမယ်ဆိုတာက မဖြစ်သင့်ဘဲနဲ့ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီးမှသာလျှင် ကျွန်တော်တို့ ဒီဝန်ထမ်းကို ကျွန်တော်တို့ ခန့်အပ်သင့်ပါ တယ်။ အဲဒီနေရာမှာ အဲဒီခန့်အပ်တဲ့ ဝန်ထမ်းကလည်း ဒီ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လက်အောက်ခံပဲ ဖြစ်သင့်ပါတယ်။ လက်အောက်ခံ ကျန်းမာရေးဝန်ထမ်းပဲ ဖြစ်သင့်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အခန်း(၂)ရဲ့ စာမျက်နှာ(၅)မှာပါတဲ့ အကျဉ်းထောင်များကို စီမံခန့်ခွဲခြင်းဆိုတဲ့အပိုင်းမှာ အကျဉ်းထောင်များကို လိုအပ်သလိုတည်ဆောက်ခြင်းဆိုတဲ့ အပိုဒ်ကလေး ပါ ပါတယ်။ အကျဉ်းထောင်များကို လိုအပ်သလို တည်ဆောက်ခြင်းဆိုတဲ့ အပိုင်းကို ကျွန်တော်အနေနဲ့ ပယ်ဖျက်စေလိုပါတယ်။ ဒါမှမဟုတ်ရင်လည်း ထိုက်သင့်တဲ့ ပြင်ဆင်မှုကို ဆောင်ရွက်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီနေရာမှာ အကျဉ်းထောင်တွေကို တည်ဆောက်တယ်ဆိုတာ က နိုင်ငံတော်ကပဲ တည်ဆောက်ခွင့်ရှိပါတယ်။ ဘတ်ဂျက်တွေနဲ့ ကျွန်တော်တို့ ချပြီးတော့ တင်ပြီးတော့ နိုင်ငံတော်က နေပြီးတော့မှ လိုအပ်တယ်လို့ သုံးသပ်ပြီးမှသာလျှင် ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ အပေါ်ကနေပြီးတော့မှ ဒီ Cabinet ကနေပြီးတော့မှ ချပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါ တယ်။ ပြည်ထဲရေးဌာနကနေ လိုအပ်သလို ဆောက်တာမျိုးကို မဖြစ်စေချင်ပါဘူး။

နောက်တစ်ခုကတော့ အခန်း(၂)၊ စာမျက်နှာ(၅)မှာပါတဲ့ ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းထောင်များတွင် လုံခြုံမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိစေရန် အကျဉ်းသား အရေ အတွက်အား သတ်မှတ်ထားရှိရမည်ဆိုတဲ့ မူလဥပဒေပြဌာန်းချက်ကို ကျွန်တော်ပြင်ဆင်လိုတာကတော့ ညွှန်ကြားရေးမှူးချုပ်သည် အကျဉ်းထောင်များတွင် လုံခြုံမှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေ ချောမွေ့မှု ရှိစေရန် လူ့အခွင့်အရေးနှင့်အညီ အကျဉ်းသားအရေအတွက်အား သတ်မှတ်ထားရှိရမည် လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။ ဒီနေရာမှာ ဒီအချက်ကို ဘာကြောင့်ထည့်ရသလဲဆိုတော့ လူ့အခွင့် အရေးနဲ့အညီလို့ ထည့်ရတာ အကျဉ်းထောင်ထဲမှာ အကျဉ်းသားတွေက တစ်ခါတစ်ရံလိုအပ် တာထက် ပိုပြီးတော့ အိပ်တဲ့အခါမှာ ကျွန်တော်တို့ လူတစ်ကိုယ်စာ ဒီ ကြမ်းခင်းကို ကျွန်တော်တို့ ဒီ လူရဲ့ ခန္ဓာကိုယ်တစ်ပြားစာတောင် အိပ်လို့မရတဲ့အခြေအနေမျိုးတွေ ကျွန်တော်တို့ ကြုံခဲ့ရပါတယ်။ တစ်ခါတစ်ရံကျ တစောင်းအိပ်ရတယ်။ တစောင်းအိပ်ရတယ်ဆိုတာ ဒီလိုတစောင်းက ဒီလိုလှည့်ဖို့ နေရာ မရှိတော့ ဟိုဘက်ဒီဘက် ညပ်နေတာဆိုတော့ ဒါတွေဟာ မလိုလားအပ်တဲ့ ကျန်းမာရေးပြဿနာ တွေလည်း အများကြီးဖြစ်နိုင်သလို ကျွန်တော်တို့ အထဲထဲမှာလည်း ဒီအတွက်ကိုလည်း ကျွန်တော်တို့ စိတ်ဒုက္ခ ခံစားမှုတွေ တော်တော်များများ မြင်တွေ့ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ဒီ နေရာမှာတော့ ကျွန်တော်တို့က အကျဉ်းထောင်များတွင် အကျဉ်းသား များအား လိုအပ်သည်ထက် ပိုမိုထားရှိသည့်အတွက် ညအိပ်ချိန်မှာ တစ်ကိုယ်စာ ကျောတစ်ခင်းစာ တောင် မရတဲ့အခြေအနေတွေကို ရင်ဆိုင်နေရတာကို တွေ့မြင်ဖူးပါတယ်။ ဒါကြောင့် လူတစ်ယောက် အိပ်စက်ရန် လုံလောက်တဲ့အကျယ်ကို သတ်မှတ်ပေးဖို့နဲ့ အဲဒီသတ်မှတ်ချက်တွေကိုလည်း နည်းဥပဒေ မှာ ထည့်သွင်းရေးဆွဲပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။

နောက်တစ်ခုက အခန်း(၂)၊ စာမျက်နှာ (၆)မှာပါတဲ့ ပုဒ်မ ၆(င)ပါခင်ဗျား။ ပုဒ်မ ၆ (င)မှာ လုပ်ထုံးလုပ်နည်းနဲ့ အညီ (၃)လအထိ သံခြေချင်းခတ်ထားသော အကျဉ်းသားအား (၃)လထက် ကျော်လွန်၍ သံခြေချင်းခတ်သင့်ကြောင်း တာဝန်ခံအရာရှိတင်ပြချက်အပေါ် စိစစ်၍ ခွင့်ပြုနိုင်သည် ဆိုပြီးတော့ ဒီလိုမျိုး မူလပြဋ္ဌာန်းချက်မှာ ဒီလိုရေးသားထားပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ အကျဉ်းထောင်အတွင်းတွင် ထပ်မံပြစ်မှုကျူးလွန်၍ သံခြေချင်းခတ်ထားသော အကျဉ်းသားများအား (၃)လထက်ကျော်လွန်၍ အပြစ်ပေးသင့်ပါက သီးသန့်အခန်းတွင် သီးခြားခွဲထား နိုင်သည်။ ဒါသူကို အပြစ်ပေးတဲ့နေရာမှာ သီးခြားအခန်းထားပြီး ဒီအထဲမှာ ကျွန်တော်တို့ ထောင်ထဲမှာ ဆိုရင်တော့ တိုက်ပိတ် တယ်ခေါ်တာပေါ့၊ ဘယ်မှမသွားရတော့ဘူး။ သူတစ်ယောက်ထဲ နေရတာ၊ ဒီလိုမျိုးဖြစ်သင့်ပါတယ်။ ဒီ နေရာမှာ သံခြေချင်းတွေ၊ ဒေါက်တွေနဲ့ ကျွန်တော်တို့ ဒီလိုထားမယ်ဆိုရင် ကျွန်တော်တို့ ပြစ်ဒဏ်ဟာ ပြစ် မှု၊ ပြစ်ဒဏ်ဟာ သိပ်ပြီးတော့ ပြင်းထန်တယ်လို့ ကျွန်တော်တို့အနေနဲ့ ယူဆပါတယ်။ အခြားသော နိုင်ငံတွေမှာလည်း ဒီလိုအပြစ်ပေး အရေးယူတာကို မတွေ့ရှိရပါဘူး။ ဒါကြောင့်မို့လို့ ဒါကိုပြန်လည်သုံးသပ် စေချင်တဲ့အတွက် ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို တင်ပြရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၂)၊ စာမျက်နှာ (၆)မှာပါတဲ့ စာမျက်နှာ(၆)ရဲ့ ပုဒ်မ ၆(စ)မှာ ပါ ပါတယ်။ အကျဉ်းသားတစ်ဦးဦးက ဥပဒေပါ အခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်း တာဝန်ခံအရာရှိမှ တစ်ဆင့် တင်ပြလာမှုအပေါ် သင့်လျော်သည့်အမိန့် ချမှတ်ပေးရမည်ဆိုပြီးတော့ ဒီနေရာမှာ ကျွန်တော် က ပြင်ဆင်လိုတာကတော့ အကျဉ်းသားတစ်ဦးဦးက ဥပဒေပါ အခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်း တာဝန်ခံအရာရှိသို့ တိုက်ရိုက်တင်ပြခွင့်ရရန် စီစဉ်ပေးရမည်ဆိုတဲ့ အချက်ကလေးကို ထည့်ချင်ပါ တယ်။ တိုက်ရိုက်တင်ပြခွင့်ရရန် စီစဉ်ပေးရမည်။ ထိုသို့ တင်ပြလာမှုအပေါ် သင့်လျော်သည့်အမိန့်ကို ချမှတ်ပေးရမည်လို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။ ဘာကြောင့်လည်းဆိုရင် အကျဉ်းသားတစ်ဦးဦး အနေ နဲ့ သူရဲ့ဥပဒေပါ အခွင့်အရေးတစ်ရပ်ရပ် နစ်နာကြောင်းကို တာဝန်ခံအရာရှိထံကို တင်ပြခွင့်ကို သတ်မှတ်စီစဉ် ပေးဖို့လိုအပ်ပါတယ်။ ဒီပုဒ်မမှာ တင်ပြလာမှုအပေါ် ဆိုသည်ကိုသာ ဖော်ပြထားပြီး တော့ တာဝန်ခံအရာရှိထံသို့ တင်ပြခွင့်ဆိုတာ မပါဝင်တဲ့အတွက် ဒါကိုတိကျစေဖို့အတွက် ဒီအချက်ကို ကျွန်တော့်အနေနဲ့ ထည့်သွင်းတင်ပြဆွေးနွေးတာ ဖြစ်ပါတယ်။

နောက်တစ်ခုက အခန်း(၂)၊ စာမျက်နှာ(၆)မှာပါတဲ့ ပုဒ်မ ၇ (ဃ)မှာပါတဲ့ တာဝန်ခံအရာရှိ သည် အကျဉ်းထောင်ပြစ်မှု ကျူးလွန်သူများအတွက် အရေးယူအပြစ်ပေးခြင်း ကိစ္စများကို တည်ဆဲ ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်ဆိုတဲ့ မူလဥပဒေပြဋ္ဌာန်းချက်ကို ကျွန်တော်ပြင်ဆင်လိုတဲ့ အချက် အနေနဲ့ကတော့ တာဝန်ခံအရာရှိသည် အကျဉ်းထောင်ပြစ်မှု ကျူးလွန်သူများအတွက် အရေးယူအပြစ် ပေးခြင်းကိစ္စများကို ရိုက်နှက်၊ ညှဉ်းပန်း၊ နှိပ်စက်ခြင်းမရှိဘဲ တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲ ရမည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုပါတယ်။ ဒါမှမဟုတ်ရင် ခုနကပြောသလိုသီးသန့်အခန်းမှာ ကျွန်တော်တို့ ခွဲပြီးတော့ထားလို့လည်းရပါတယ်။ သူကိုပြစ်ဒဏ်ပေးတဲ့ အမှန်ဆိုဟိုမှာအကျဉ်းသား တွေဆိုရင်သီးသန့်တိုက်ပိတ်တယ်။ ဒီလိုအခန်းထဲမှာထားမယ်ဆိုရင် အင်မတန်ကြောက်ပါတယ်။ ဒီ လောက်အထိဆိုရင် လုံလောက်မယ်လို့ထင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်ကိုယ်တိုင် ဒီဖျာပုံထောင်မှာထောင်ကျခဲ့စဉ်တုန်းက ကျွန်တော့်ကိုတိုက်ပိတ်ထားတဲ့တိုက်ခန်းရဲ့အရှေ့မှာ တပ်ကြပ်

ကြီး တစ်ယောက်ကနေ ရဲဘက်က ထွက်ပြေးလို့ ရိုက်တယ်ဆိုပြီး အကျဉ်းသားကို အချက်ပေါင်း(၂၀၀) ကျော်ရိုက်တယ်။ ကျောကုန်းမှာ အချက်ပေါင်းက ထပ်နေတာ၊ ဘုလုံးကထပ်နေတာ၊ မြင်မကောင်း လောက်အောင်ကို ထပ်နေတာ၊ နောက်ဆုံး မြောသွားတဲ့အထိကို ရိုက်တယ်။ ပြီးတဲ့အခါမှာ ဗိုက်ပေါ်ကို မြင်းလုံးနဲ့ တက်ခုန်တယ်။ ဒါတွေကို မြင်ခဲ့ရတဲ့အခါကျတော့ ဒါတွေဟာ ကျွန်တော်တို့ နိုင်ငံတကာ ကသာ ဒီလိုမျိုး အဖြစ်အပျက်မျိုးတွေများ မြင်များမြင်တွေ့သွားမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပုံရိပ်အနေနဲ့ အင်မတန်မှ ထိခိုက်ပါတယ်။

ဒါကြောင့်မို့လို့ ဒါ ကျွန်တော်တို့ အနေနဲ့ကတော့ ဒီဟာမျိုး ဖြစ်စဉ်၊ ဖြစ်ရပ်တွေကို ဥပဒေနဲ့ အညီ ထိန်းချုပ်စေချင်တဲ့ ဆန္ဒနဲ့တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရိုက်နှက်၊ ညှဉ်းပန်း၊ နှိပ်စက်ခြင်း ဆိုတဲ့ အပိုင်းမှာ ဒီလိုလုပ်ပိုင်ခွင့်တွေကို ကျွန်တော်တို့ ပေးတာဟာ အင်မတန်မှ စိုးရိမ်စရာရှိပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ နိုင်ငံတကာရဲ့ ပုံရိပ်မှာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပုံရိပ်ကို ကျွန်တော်တို့ အနေနဲ့ ထိခိုက်မခံစေချင်တဲ့အတွက် ကျွန်တော်တို့ တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

နောက်တစ်ခုက အခန်း(၂)၊ စာမျက်နှာ(၇)မှာ ပါတဲ့ ပုဒ်မ ၇(ဆ)မှာ အကျဉ်းထောင် အခြေ အနေအရဖြစ်စေ၊ အကျဉ်းသား၏ စရိုက်လက္ခဏာအရဖြစ်စေ လုံခြုံစွာ ထိန်းသိမ်းထားရှိရန် လိုအပ် သည်ဟု ယူဆရသည့် မည်သည့် အကျဉ်းသားကိုမဆို သံခြေချင်းခတ်ထားနိုင်သည်။ လိုအပ်ပါက သီးသန့်အခန်းတွင် သီးခြားခွဲထားနိုင်သည်ဆိုပြီး မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပြဋ္ဌာန်းချက်ကို ကျွန်တော် ပြင်ဆင်လိုတဲ့ အချက်အနေနဲ့ကတော့ အကျဉ်းထောင်အခြေအနေအရ လုံခြုံစွာထိန်းသိမ်း ထားရှိရန်လိုအပ်သည်ဟု အထောက်အထားခိုင်လုံပါက အဲဒီနေရာမှာ အထောက်အထား ခိုင်လုံပါက ဆိုတာလေးကို ထည့်စေချင်ပါတယ်။ မည်သည့်အကျဉ်းသားကိုမဆို သီးသန့်အခန်းတွင် သီးခြားခွဲထားနိုင် သည်လို့ ဒီလို ပြင်ဆင်လိုပါတယ်၊ ဒီနေရာမှာ သံခြေချင်းခတ်ထားတယ်ဆိုတာက သံခြေချင်းခတ်တာက နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုမရှိပါဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဖြစ်ပါတယ်။

အဲဒီ့လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုအဖြစ် အသွင်ပြောင်းသွားနိုင်ပါတယ်။ နိုင်ငံတကာမှာ အဲဒီလိုပြစ်ဒဏ်ပေးမှုတွေ ပြုလုပ်လေ့မရှိပါဘူး။ ကြီးမားတဲ့ရာဇဝတ်မှုမျိုးမှအပ အကျဉ်းထောင်အတွင်း ထပ်မံပြစ်မှုမကျူးလွန်တဲ့ မည်သည့်အကျဉ်းသားကိုမှ သံခြေချင်းခတ်တာမရှိပါဘူး။ ဒါကျွန်တော်တို့ တိုင်းပြည်ရဲ့အနေအထားမှာတော့ ပြီးခဲ့တဲ့ကာလတွေက ဒီအခြေအနေလေးတွေရှိခဲ့ဖူးပါတယ်။ဒါကြောင့် ဒါတွေကို ဒီအကျဉ်းထောင် ဥပဒေမူကြမ်းတင်လာတဲ့အခါမှာ ဒါတွေကို ကျွန်တော်တို့ စနစ်တကျ သုံးသပ် ပြီးတော့ နိုင်ငံတကာရဲ့အလယ်မှာ ပုံရိပ်မထိခိုက်စေဖို့အတွက် ကျွန်တော်တို့အနေနဲ့ တင်ပြဆွေးနွေးရ ခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အခန်း(၂)၊စာမျက်နှာ(၇)မှာပါတဲ့ ပုဒ်မ ၇ (ဆ)ဖြစ်ပါ တယ်။ အလုပ်မဲ့ထောင်ဒဏ်ကျ အကျဉ်းသားကို ၎င်းတို့၏သဘောဆန္ဒအရ သင့်လျော်သည့်အလုပ် လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဟု မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကို ကျွန်တော် ပြင်ဆင်လိုတဲ့အချက်အနေနဲ့ အလုပ်မဲ့ထောင်ဒဏ်ကျအကျဉ်းသားများကို ၎င်းတို့၏ သဘောဆန္ဒအရ သာလျှင် သင့်လျော်သည့်အလုပ် လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်လို့ ပြင်ဆင်လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဝန်ထမ်းတွေအနေနဲ့က ဒီဝန်ထမ်းတွေက အလုပ်မဲ့အကျဉ်းသားတွေရဲ့ ဆန္ဒကို

ရယူခြင်းမရှိဘဲနဲ့ အကျဉ်းသားတွေရဲ့ ဆန္ဒလို့ ယူဆပြီးတော့ ခိုင်းစေတာမျိုးတွေရှိခဲ့ပါတယ်။ ရှိလဲ ရှိနေဆဲပါပဲ။ ဒါကြောင့် ဒီအချက်ကို ကျွန်တော်တို့အနေနဲ့ ဥပဒေမှာ ပြဋ္ဌာန်းထားမယ်ဆိုရင် တိကျတဲ့ စကားလုံးတွေနဲ့ ပြဋ္ဌာန်းထားမှသာလျှင် ကျွန်တော်တို့အနေနဲ့ ဒါဟာ ပုံရိပ်ကောင်းမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အခန်း(၂)၊ စာမျက်နှာ(၈)မှာပါတဲ့ ပုဒ်မ ၁၂ မှာ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာ၌ ဘာသာရေးဆိုင်ရာတရားပွဲများ၊ တရားစခန်းများ၊ နှစ်သိမ့်ဆွေးနွေးမှုများနှင့် ပညာပေးဟောပြောပွဲများကို အခါအားလျော်စွာပြုလုပ်ပေးရမည်လို့ မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီဟာကို ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ အကျဉ်းဦးစီးဌာနသည် အကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာ၌ ဘာသာရေးဆိုင်ရာ တရားပွဲများ၊ တရားစခန်းများ၊ နှစ်သိမ့်ဆွေးနွေးမှုများ၊ ဘေးနားမှာ ဒီဟာ နှစ်သိမ့်ဆွေးနွေးမှုဆိုတာ counselling လုပ်တာပါ။ counselling လုပ်တဲ့အတွက် counsellor တွေထားရှိဖို့ လိုအပ်ပါတယ်။ counsellor များထားရှိရန်နှင့် ပညာပေးဟောပြောပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးရမည်။

အကျဉ်းထောင်များတွင် သက်ဆိုင်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုနိုင်ရန် စီစဉ်ပေးရမည်။ မည်သည့်အကျဉ်းသားကိုမျှ အတင်းအကြပ် ဝတ်ပြုခိုင်းခြင်းမလုပ်ရပါ။ အဲဒီလိုမျိုးမပြုလုပ်ရဆိုပြီးတော့ ကျွန်တော်တို့ ဒီပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ဒီနေရာမှာ ဘာကြောင့်လဲဆိုတော့ အကျဉ်းထောင်ထဲမှာ အကျဉ်းကျတဲ့အခါ ညဘက်ကျရင် ဝတ်ပြုရပါတယ်။ ဘာသာတရားအရ ကျွန်တော်တို့ ကျွန်တော်တို့လည်း ဘာသာရေးအရ ကျွန်တော်တို့ ရှိခိုးဝတ်ပြုတာတွေလုပ်ပါတယ်။ အဲဒီ လိုမျိုး ညအိပ်အဆောင်ပိတ်တဲ့အချိန်မှာ ဗုဒ္ဓဘာသာတွေက ဘုရားရှိခိုးနေတဲ့အချိန်မှာ အခန်းမှာရှိတဲ့ ကျွန်တော်တို့ အခုအခေါ်တော့ တန်းစီးခေါ်တာပေ့ါ။ အခန်းလူကြီးပေ့ါ၊ အခန်းလူကြီးကနေ၊ တန်းစီးကနေ တခြားဘာသာဝင်တွေ၊ ဥပမာ ခရစ်ယာန်ဘာသာဝင်တွေပါတယ်၊ မွတ်ဆလင်ဘာသာဝင်တွေပါတယ်၊ သူတို့ကို ပုံစံထိုင်ခိုင်းထားပါတယ်။ အားလုံးကို ငြိမ်သက်စေဖို့အတွက် ပုံစံထိုင်ခိုင်းတာ၊ ပုံစံဆိုတာ အပြစ်ရှိမှ အပြစ်ပေးတဲ့ အနေအထားပါ။ ငြိမ်သက်စွာနဲ့နေရတာ၊ လှုပ်လို့လည်းမရဘူး၊ လှုပ်တာနဲ့ တစ်ပြိုင်နက် ကျောပေါ်ကို ကြိမ်လုံးကျလာမှာပါ။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ တခြားဘာသာဝင်တွေအနေနဲ့ သူတို့ သက်ဆိုင်ရာ ဘာသာကို အာရုံပြုခွင့်ကို ကျွန်တော်တို့ပေးပြီးတော့ နောက်တစ်ခါ အဲဒီလိုမျိုး ဥပဒေ ပြဋ္ဌာန်းမှုတွေကို ပြုလုပ်စေချင်တဲ့သဘောနဲ့တင်ပြတာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတင်ပြခွင့်ပြုပါခင်ဗျား။ နောက်တစ်ခုက အခန်း(၂)၊စာမျက်နှာ(၈)မှာပါတဲ့ ပုဒ်မ ၁၃ မှာ အကျဉ်းဦးစီးဌာနသည် ပြည်တွင်းပြည်ပဗဟုသုတများရရှိစေရေးအတွက် အကျဉ်းထောင်များတွင် စာကြည့်တိုက် ဖွင့်လှစ်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များနှင့် ရုပ်မြင်သံကြားများကို စီမံထားရှိပေးရမည်ဆိုပြီး မူလဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါဟာ အင်မတန် ကောင်းတဲ့ ရည်ရွယ်ချက်ပါ၊ ဒါကို ကျွန်တော်တို့ အနေနဲ့ လက်ခံပါတယ်။ ဒီနေရာမှာ ထပ်ပြီးတော့ဖြည့်စွက်ချင်တာက စာစောင်ပြီးသွားတဲ့ အခါမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ စာပေ၊ စာအုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ ရုပ်မြင်သံကြားများကို စီမံထားရှိရမည်ဆိုပြီး ကျွန်တော်ထပ်ပြီးတော့ဖြည့်စွက်ချင်တာက စာပေ၊ စာအုပ်များ၊ လူ့အခွင့်အရေးဆိုင်ရာစာအုပ်စာတမ်းများဆိုပြီးတော့ ထပ်ပြီးတော့ အဲဒီနေရာမှာ

ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ စာရိတ္တမြင့်မားစေဖို့ရည်ရွယ်ပြီးတော့ စာပေတို့၊ စာအုပ်စာတမ်းတို့ လူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းတွေကို လေ့လာဖတ်ရှုဖို့ ဒီနေရာမှာ တိကျတဲ့ ဥပဒေပြဋ္ဌာန်းမှုလေးကို ထည့်ထားမှသာလျှင် စာအုပ်စာတမ်းတွေကြည့်ရှုခွင့်ရမှာဖြစ်ပါတယ်။ နိုမိ့ဆို ဒီမှာဆိုရင် သတင်းစာတို့၊ ဂျာနယ်တို့ မဂ္ဂဇင်းတို့ စာစောင်တို့ပဲ ဖတ်ပြီးတော့ ရုပ်မြင်သံကြားကြည့်ရုံပဲရှိပါတယ်။ ဒါကြောင့်မို့လို့ စာအုပ်စာတမ်းဖတ်ခွင့်ကိုလည်း ပေးသင့်တယ်လို့ စာရိတ္တမြင့်မားရေး၊ ပညာပြည့်ဝရေးအတွက် ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့တော့ ဒီနေရာမှာဖြည့်စွက်စေချင်ပါတယ်။

နောက်တစ်ခုက အခန်း(၂)၊စာမျက်နှာ(၈)မှာပါတဲ့ ပုဒ်မ ၁၄ မှာ အကျဉ်းဦးစီးဌာနသည် ပညာတစ်ပိုင်းတစ်စဖြစ်နေသော အကျဉ်းသားများနှင့် စာပေမတတ်မြောက်သူ အကျဉ်းသားများအား စာပေပညာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးရမည်။ ဒါလည်းကောင်းတဲ့ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတာဖြစ်ပါတယ်။ ဒါမူလဥပဒေပါ၊ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ထပ်ပြီးတော့ ဖြည့်စွက်ချင်တာက အကျဉ်းဦးစီးဌာနသည် ပညာတစ်ပိုင်းတစ်စဖြစ်နေသော အကျဉ်းသားများနှင့် စာပေမတတ်မြောက်သူ အကျဉ်းသားများအား ထပ်ဖြည့်ပြီး ကျွန်တော်ထပ်ဖြည့်ချင်တာကတော့ စာပေပညာ သင်ကြားနိုင်ရန်နှင့် ဆက်လက်လေ့လာနိုင်ရန် စီမံပေးရမည်၊ သင်ကြားရုံတင်မဟုတ်ဘူး၊ ဆက်ပြီးလေ့လာမယ်ဆိုလည်း လေ့လာဖို့အတွက် အခွင့်အလမ်းတွေပေးသင့်တယ်။ စာမေးပွဲဖြေဆိုခွင့်ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးရမည်ဆိုပြီးတော့ ဒီလိုဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တချို့နိုင်ငံတွေမှာ စာမေးပွဲ ဒီ၊ စာမေးပွဲတွေဖြေဆိုခွင့်ရရှိမယ်ဆိုရင် ပြန်လွတ်မြောက်တဲ့ အချိန်မှာ သူ့အနေနဲ့ ဒီပညာရပ်တွေကို ပြန်လည်အသုံးချခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါဆို တိုင်းပြည်အတွက်လည်း ဘာပဲပြောပြော ကောင်းတဲ့ ဒီနိုင်ငံ့သားကောင်းတစ်ယောက်ကို ပြန်ပြီးတော့ ပြုပြင်ထိန်းကျောင်းတဲ့ အကျဉ်းထောင်ရဲ့ ရည်ရွယ်ချက်တွေလည်း အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒီအချက်ကို ထည့်သွင်းရခြင်း ဖြစ်ပါတယ်။အခြားနိုင်ငံတွေမှာဆိုရင် ဒီအကျဉ်းထောင်ထဲကနေပြီးတော့ မဟာတန်း၊ ပါရဂူတန်းအထိပါ သင်ယူခွင့်တွေ ရရှိကြတယ်။ စာမေးပွဲတွေဖြေဆိုခွင့်တွေရရှိပါတယ်။ ဥပမာ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာဆိုရင် ဒီပါရဂူဘွဲ့အထိ ပညာသင်ကြားခွင့်နဲ့ စာမေးပွဲ ဖြေဆိုခွင့်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လည်း ကျွန်တော်တို့နိုင်ငံရဲ့ အကျဉ်းထောင်များ ဥပဒေမှာ ဒီအချက်ကို ထည့်သွင်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အခန်း(၂)၊စာမျက်နှာ(၈)မှာပါ တဲ့ ပုဒ်မ ၁၉ ကျန်းမာရေးစောင့်ရှောက်ခြင်းဆိုတဲ့ ခေါင်းစဉ်ရဲ့အောက်က ပုဒ်မ ၁၉၊ အကျဉ်းထောင်များတွင် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ရန် ဆေးရုံ သို့မဟုတ် ဆေးပေးဌာနများကိုထားရှိပြီး ဆေးဝါးအလုံအလောက်ထားရှိပေးရမည့်အပြင် လိုအပ်ပါက အထူးကုဆရာဝန်ကြီးများနှင့် ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးရမည်ဆိုပြီးတော့ မူလဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာက အကျဉ်းထောင်များတွင် အကျဉ်းသားများကို ကျန်းမာရေးစောင့်ရှောက်ရန် ဆေးရုံ သို့မဟုတ် ဆေးပေးခန်းဌာနများကို ထားရှိပြီး ဆေးဝါးအလုံအလောက်ထားရှိပေးရမည့်အပြင် လိုအပ်ပါက အထူးကုဆရာဝန်ကြီးများဖြင့် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။ ပြင်ပဆေးရုံသို့ ပို့ဆောင်ကုသရန် လိုအပ်ပါက ထောင်ဆရာဝန်နှင့် တာဝန်ခံအရာရှိတို့၏ ထောက်ခံချက်ဖြင့် ပို့ဆောင်ကုသနိုင်ရန် စီစဉ်ပေးရမည်ဆိုပြီးတော့ ဒီလိုပါပါတယ်။ ဒီလိုဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်နဲ့

ကျွန်တော့်အဖေ ထောင်ထဲမှာ ရောက်တဲ့အချိန်မှာ ကျွန်တော့်အဖေက ဒီဝမ်းရောဂါဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဖျာပုံထောင်ဆိုတာ ဝမ်းရောဂါဖြစ်ရင် သိပ်မကြာဘူး။ (၂)ခါလောက်သွားပြီးရင် သေတာပါပဲ။ အဲဒီအချိန်မှာ အဲဒါတွေ ဆွေးနွေးရင်တော့ အကြာကြီးဖြစ်သွားမှာစိုးလို့ လေးစားစွာဖြင့် အတိုချုံ့လေးပဲပြောပါမယ်၊

နောက်ဆုံးကျွန်တော်ပြောတဲ့အခါမှာ အကန့်အသတ်တွေရှိနေလို့ မသွားရဘူးဆိုပြီး အဲဒီလို ပိတ်ပင်တယ်။ အဲဒီတော့ နောက်ဆုံး ကျွန်တော်တို့ ထောင်ထဲကနေ အကျဉ်းသား တွေကနေပြီးတော့မှ ကျွန်တော်တို့ ရှာဖွေလို့ရတဲ့ ဓာတ်ဆားထုပ်တွေနဲ့ရအောင် ကျွန်တော်တို့ တော်သေးတယ်။ ဓာတ်ဆားထုပ်တွေလည်းရှာလို့ရလို့၊ ဓာတ်ဆားထုပ်တိုက်ရင်းနဲ့ သူ့အသက်ကိုဆက်နိုင်ပါတယ်။ နောက်ဆုံး ကျွန်တော်တော်တော်ကြီးပေါက်ကွဲပြီးတော့ ထောင်ပိုင့်ကိုပါ ထောင်ပိုင်ကြီးကိုပါ ကျွန်တော့်အနေနဲ့ မကျေမနပ်နဲ့ ပြန်ပြီးတော့ပြောတော့ စိတ်ဆိုးပြီးတော့ ကျွန်တော့်ကို တိုက်ပိတ်မယ်၊ ရိုက်မယ်၊ နှက်မယ် လုပ်တော့ ရိုက်ပါ ကျွန်တော်စတေးခံပါ့မယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်အဖေအတွက် ကျွန်တော် စတေးခံပါ့မယ်ဆို ပြီးတော့ ကျွန်တော်ပြောတော့မှ နောက်ဆုံးညှိနှိုင်းပြီးတော့ နောက်ကျွန်တော်ပြောတယ်၊ အကျဉ်းသား တစ်ယောက်ရဲ့ လိုက်နာရမယ့်စည်းကမ်းကို သိသလားလို့ ကျွန်တော့်ကိုပြောပါတယ်။ ကျွန်တော်က ဟုတ်ကဲ့ သိပါတယ်ဆရာကြီး၊ အကျဉ်းသားတစ်ယောက်ရဲ့ ရပိုင်ခွင့်ကို လည်းသိပါတယ်။ Jail manual မှာ ပါပါတယ်။ Jail manual မှာ အကျဉ်းသားတစ်ယောက်ရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ ငရုတ်သီး၊ ကြက်သွန်၊ ဆီ၊ ဆန်၊ ဆား ဒါတွေလည်း ရွတ်ပြလိုက်ရော သူ အဲဒီကျတော့မှ သူပြန်လျှော့သွားပါတယ်။ ကျွန်တော့်ကို ပြန်ပြီး တော့ မဟုတ်ပါဘူးကွာ၊ ငါလုပ်တာမဟုတ်ပါဘူးကွာဆိုပြီး နောက်ဆုံးပြန်ညှိပြီးတော့ ကျွန်တော့်အဖေကို ဆေးရုံပြန်ပြီးတော့ ဆရာဝန်နဲ့တွေ့ခွင့်၊ မြို့နယ်ဆရာဝန်ကြီး အဆင့်ထိခေါ်ပြီးတော့ ပြန်ကုသခွင့် ပြန်ရ ခဲ့လို့ ကျွန်တော့်အဖေ အသက်ဆုံးပါးမှု မဖြစ်ခဲ့တာပါ။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဒီအချက်ကလေးကို ကျွန်တော့်အနေနဲ့ ဘဝနဲ့ရင်းပြီး ရခဲ့တဲ့အသိလေးဖြစ်တော့ နောင် ဒီလိုမျိုး ဖြစ်တဲ့ ပုဂ္ဂိုလ်မျိုးတွေမဖြစ်စေ ချင်တဲ့ အတွက် ဒီအချက်လေးကို ရည်ရွယ်ချက်ကောင်းနဲ့ ထည့်ချင်တာပါခင်ဗျ။

နောက်တစ်ခု အခန်း(၂)၊ စာမျက်နှာ(၉)မှာပါတဲ့ ကျွန်တော် မြန်မြန်ဆွေးနွေးပါ့မယ်ခင်ဗျ။ အခန်း(၂)၊စာမျက်နှာ(၉)မှာပါတဲ့ ပုဒ်မ ၂၀ မှာ အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်လိုအပ်သော ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ဖြစ်စေ၊ ဝန်ကြီးဌာနမှ တိုက်ရိုက်ဖြစ်စေ ခန့်ထားနိုင်သည်ဆိုတဲ့ မူလဥပဒေပြဋ္ဌာန်းချက်ကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာက အကျဉ်းထောင်များတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် Counsellor များအပါအဝင် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ခန့်ထားရမည်ဆိုပြီးတော့ ဒီလိုပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ထဲရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းတွေကို တိုက်ရိုက်ခန့်တယ်ဆိုတာ မသင့်လျော်ပါဘူး၊ ဒါဟာသူရဲ့ ဘာသာရပ်မဟုတ်ပါဘူး။ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အလုပ်ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ပိုပြီးတော့ ဒီဘာသာရပ်ကို ပိုနိုင်နင်းပါတယ်။ ပိုကျွမ်းကျင်ပါတယ်။ ဒါကြောင့် သူညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ခန့်ဖို့ပဲလိုအပ်ပါတယ်၊ သူကတိုက်ရိုက်ခန့်တယ်ဆိုတာက မလိုလားအပ်တဲ့ ပြဿနာတွေအများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကို ပြင်ဆင်ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ အခန်း(၃)ရောက်သွားပါတယ်။ အခန်း(၃)၊စာမျက်နှာ(၉)မှာပါတဲ့ ပုဒ်မ ၂၂ ရဲ့(ခ) အကျဉ်းသားတစ်ဦးတစ်ယောက်ပိုင်ဆိုင်သည့်ငွေကြေးအားလုံး သို့မဟုတ် အခြားဝတ္ထုပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတရားရုံးက အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိလျှင် ထို့အပြင် အကျဉ်းသားက အကျဉ်းထောင်သို့ယူဆောင်လာခြင်းသည် အခွင့်အာဏာနှင့်အညီဖြစ်လျှင် သို့မဟုတ် အကျဉ်းသားများအသုံးပြုရန်အတွက် အကျဉ်းထောင်သို့ ပေးပို့ခြင်းဖြစ်လျှင် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက တာဝန်ယူထိန်းသိမ်းပေးရမည်ဆိုတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ထည့်သွင်းလိုတာကတော့ ဒီအရှေ့ပိုင်းက ဥစ္စာတွေအတိုင်း အကုန်ပါပါတယ်။ အကျဉ်းသားတစ်ဦးတစ်ယောက်ပိုင်ဆိုင်သည့် ငွေကြေးအားလုံး ပြန်ဖတ်နေရင် ကြန့်ကြာပြီးအချိန်ကို ကျွန်တော်ငဲ့ညာတဲ့အနေနဲ့ အကျဉ်းသားများအသုံးပြုရန်အတွက် အကျဉ်းထောင်သို့ပေးပို့ခြင်းဖြစ်လျှင် သက်ဆိုင်ရာ အကျဉ်းထောင်အရာရှိက မှတ်တမ်းများပြုစု၍ တာဝန်ယူထိန်းသိမ်းပေးရမည်ဆိုတဲ့ အချက်ကို ထည့်သွင်းစေချင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ မှတ်တမ်းတွေ မပြုစုထားဘူးဆိုရင် ထောင်ဘူးဝမှာ တစ်ခါတစ်ရံ ကျွန်တော်တို့တွေ ပါသွားတဲ့အခါမှာ ပိုက်ဆံတွေ၊ ငွေကြေးပေ့ါနော်၊ အဖိုးတန်ငွေကြေးတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ နာရီ၊ အသုံးအဆောင်၊ ရွှေလက်ဝတ်လက်စား အဲဒီ့အသုံးအဆောင်ပစ္စည်းတွေ ပျောက်ရှမှုတွေ အများကြီးရှိပါတယ်။ ဒါတွေကို ထောင်ဘူးဝရောက်ပြီဆိုရင် ကျွန်တော့်တို့အနေနဲ့ မှတ်တမ်းမှတ်ရာတွေနဲ့ ဘယ်ဟာနဲ့ဖမ်းဖမ်း၊ အပြစ်ရှိတယ်လို့ထင်ရင် ဖမ်းပိုင်ခွင့်ရှိပါတယ် ဖမ်းပါ။ ဒါပေမဲ့ ဖမ်းပြီးသွားတဲ့အခါမှာတော့ ဘူးဝရောက်တဲ့အခါမှာတော့ ခန္ဓာကိုယ်ပေါ်မှာ ကျွန်တော်တို့ ချွတ်ပြီးရှာပါတယ်။ အကုန်လုံးကို စကားလုံး အရအဝှာဖြစ်ရင် တောင်းပန်ပါတယ်။ ခန္ဓာကိုယ်ကို ချွတ်ပါတယ်။ ပြီးသွားရင် ရှာပါတယ်၊ အကုန်လုံးကို၊ ရှာတဲ့အခါမှာနောက်ဆုံးခုနပြောသလို မှတ်တမ်းတွေနဲ့ ဒါတွေကို ထားထားမယ်ဆိုရင် ဒီပုဂ္ဂိုလ် တစ်ယောက်က သူရဲ့ပြစ်မှုပြစ်ဒဏ်ကိုခံစားပြီးလို့ ပြန်ထွက်သွားရင် သူ့ရဲ့ပစ္စည်းတွေဟာ စနစ်တကျနဲ့ ကျွန်တော်တို့ရှိရမှာပါ။ ဒါပေမဲ့ အဲဒီနေရာမှာ အခုရောမလုပ်ဘူးလားဆိုတော့ လုပ်တဲ့အပိုင်းတွေရှိသလို မလုပ်တဲ့နေရာတွေလည်း အများကြီးရှိပါတယ်။ ဒါကိုဥပဒေနဲ့အညီ ပြဋ္ဌာန်းစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ဒီမှတ်တမ်းတွေကို အကျဉ်းထောင်အရာရှိတစ်ဦးတည်းကို ဝကွက်မအပ်သင့်ဘူးဆိုတဲ့ ရှုထောင့်ကနေပြီးတော့ အကျဉ်းထောင်အရာရှိကိုပဲ သူက တာဝန်ပေးထားတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ကတော့ မှတ်တမ်းပြုစုရမယ်ဆိုတဲ့အချက်ထည့်ထားတဲ့ဟာက လုံလောက်မှ ဒီလိုမျိုးထည့်ထားမှ လုံလောက်မယ်လို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ အကျဉ်းထောင်အရာရှိကို တစ်ဦးတည်းကို ဝကွက်မအပ်သင့်ဘူးလို့ကျွန်တော်ယူဆပါတယ်။ နောက်တစ်ခုက ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော့်ကို ဆက်ပြီးတော့ ပြီးအောင်တော့ တင်ပြခွင့်ပေးပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ နောက်ထပ်တစ်မိနစ်ရမယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟာတစ်မိနစ်ဆိုရင်တော့

**ဥက္ကဋ္ဌ**။ ။ ခုဟာက မိနစ်(၃၀)ရှိပြီ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ပါတယ် ဟုတ်ပါတယ်။ ကျွန်တော် တော်တော်လေး ကျန်နေသေးလို့ (၂)မျက်နှာလောက်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးလို့ရပါတယ်။ ဥပဒေကြမ်းကော်မတီမှာ ပြန်လည်ကြားနာပါ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဒီမှာလည်း ကျွန်တော် မှတ်တမ်းလေးအနေနဲ့ တင်ချင်သေးလို့ပါ၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော့်ကို အဲဒါလေး ရရင်တော့ နောက်ထပ် (၇)မိနစ်လောက်များရမလားလို့ပါ၊ (၇)မိနစ်ပါ ဥက္ကဋ္ဌကြီးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရပြီ။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ခင်ဗျာ။ ကျေးဇူး တင်ပါတယ်။ ဟုတ်ကဲ့ခင်ဗျ၊ အခန်း(၁၀)၊စာမျက်နှာ(၁၀)၊ပုဒ်မ ၂၄ အကျဉ်းသားများ ခွဲခြား ထားရှိခြင်း ဆိုတဲ့နေရာမှာတော့ ကျွန်တော့်အနေနဲ့ ဒါကို အဲဒီအကျဉ်းသားများခွဲခြားထားရှိခြင်းဆိုတဲ့ ခေါင်းစဉ် အောက်မှာ ဖြည့်စွက်လိုတာကတော့ ပုဒ်မခွဲ(ဆ)အဖြစ် ဖြည့်စွက်လိုတာက နိုင်ငံတော် အကျဉ်းသား သို့မဟုတ် နိုင်ငံရေး အကျဉ်းသားများ သီးသန့်အဆင့်အတန်းတစ်ခုခွဲခြားထားပြီး ထားရှိရ မည်လို့ ကျွန်တော့်အနေနဲ့ ထပ်မံ ဖြည့်စွက်လိုပါတယ်။ ဒီနေရာမှာတော့ A Class B Class ထားတာကို ကျွန်တော့်အနေနဲ့ဆိုလိုချင်တာပါ။ ဒါကြောင့် ဒီဟာတွေကိုတော့ သီးသန့်ရည်ရွယ်ထား ရှိဖို့လိုပါတယ်။ အစိုးရကိုယ်၌ကလည်း နိုင်ငံရေး အကျဉ်းသားများစိစစ်ရေး ကော်မတီကို တရားဝင်ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာတော့ ဒီလိုမျိုးဥပဒေပါထည့်ပြီးတော့ တရားဝင်ပြဋ္ဌာန်း ထားသင့် ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၃)၊ စာမျက်နှာ(၁၁)၊ ပုဒ်မ ၂၇ အကျဉ်းသားများအား ပြောင်းရွှေ့ ခြင်း၊ အကျဉ်းသားများပြောင်းရွှေ့ခြင်းဆိုတဲ့ခေါင်းစဉ်အောက်မှာ ပုဒ်မခွဲ(င)အဖြစ် ကျွန်တော့်အနေနဲ့ ထည့်သွင်းလိုတာကတော့ မည်သည့်အကျဉ်းသားကိုမှ ရှေ့တန်းလုပ်အားပေး၊ porter ခေါ်ယူခြင်းမပြု ရ။ အကျဉ်းထောင်အခြေအနေအရ အကျဉ်းသားများအားပြောင်းရွှေ့ရန် ကြုံလာသည့်အခါ အကျဉ်းသား မိသားစုနှင့် အနီးဆုံးထောင်သို့ပြောင်းရွှေ့ရမည်။ ထိုသို့ပြောင်းရွှေ့ရာတွင် မိသားစုအား အချိန်နှင့် တပြေးညီအကြောင်းကြားရမည်။ ဒီလိုထည့်သွင်းဖို့လိုပါတယ်၊ ခေတ်အဆက်ဆက်မှာတော့ အကျဉ်းသား တွေကို တစ်ခါတစ်ရံမှာ ရှေ့တန်းလုပ်အားပေး၊ porter ဆိုပြီးခေါ်တာတွေရှိပါတယ်။ အဲဒီလိုခေါ်ရင် ကျွန်တော်တို့ အရှေ့မှာတန်းစီတဲ့အခါမှာ မျက်ရည်စက်လက်နဲ့ သူတို့အနေနဲ့သေလူလို့ သဘောထားပြီး တော့ ဒီလိုမျိုးလေးတွေ မြင်တွေ့ရတဲ့အတွက် ဒါကိုကျွန်တော့်အနေနဲ့ ဒီအခွင့်အရေးကို ကျွန်တော်တို့ အနေနဲ့ တင်ပြသင့်တယ်လို့ထင်ပြီးတော့ ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၃)၊စာမျက်နှာ(၁၁)ပါ။ ပုဒ်မ ၂၇ (ဃ)မှာ စခန်းများသို့ ပြောင်းရွှေ့သင့်သော အကျဉ်းသားများတွင်ရှိရမည့် စံနှုန်းသတ်မှတ်ချက်များကို အမိန့်၊ညွှန်ကြားချက်များ ဖြင့် လိုအပ်သလို ထုတ်ပြန်ပေးရမည်ဆိုတဲ့နေရာမှာ စံနှုန်းသတ်မှတ်ချက်များကို နည်းဥပဒေတွင် ပြဋ္ဌာန်း ပေးရမည်လို့ ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက်လိုပါတယ်။ ဘာကြောင့်ဆိုတဲ့ဟာကို ထပ်ပြီးတော့ ဆွေးနွေးမယ်ဆိုရင် အချိန်ကြာသွားမှာစိုးတဲ့အတွက် မဆွေးနွေးလိုတော့ပါဘူး။

နောက်တစ်ခုက အခန်း(၃)၊စာမျက်နှာ(၁၂)မှာ ဒီထပ်တိုးတဲ့ အပိုဒ်ခွဲနေရာမှာ ထိုသို့ လွှတ်သည့်အခါတွင် မိမိနေရပ်သို့ပြန်နိုင်ရန်အတွက် လုံလောက်သည့်ငွေကြေး သို့မဟုတ် အခမဲ့ ခရီးသွားလာခွင့် ကတ်ပြားများထုတ်ပေးရန် စီစဉ်ပေးရမည်လို့ ထပ်မံပြီးတော့ပြင်ဆင်ဖြည့်စွက်လိုပါ တယ်၊ ပုဒ်မ ၂၈ ရဲ့ (င)အဖြစ်ထပ်တိုးချင်တာပါ။ ဘာကြောင့်လဲဆိုတော့ ပြန်ရင် လုံလောက်တဲ့ခရီးစရိတ် တွေ ထုတ်ပေးတာကိုမရှိတာကိုတွေ့ရတဲ့အတွက် ဖြစ်ပါတယ်။အဲဒီနေရာမှာ တချို့ကပြန်ဖို့အတွက် မလိုလားအပ်တဲ့ အကျဉ်းထောင်ထဲကနေ မကောင်းတဲ့ စရိုက်ဆိုးတွေ၊ တစ်ချို့အတွက် ဟို ခါးပိုက်နှိုက် တာတို့ လုတာတို့ အဲဒါမျိုးအကျင့်တွေပါလာပြီးတော့ အပြင်မှာ ခရီးစရိတ်မရလို့ဆိုပြီး ထပ်ပြီးဖြစ်တဲ့ အမှုပေါင်းတွေက မြောက်မြားစွာ ကျွန်တော်တို့တွေ့ရပါတယ်။ ထောင်ထဲကို ဒီမနက် လွှတ်လိုက်တယ်။ ညနေကျတော့ ပြန်ရောက်လာတယ်၊ အဲဒါမျိုးတွေကြုံရတဲ့အတွက် မဖြစ်စေချင်တဲ့အတွက်ပါခင်ဗျ။

နောက်တစ်ခုက အခန်း(၃)၊စာမျက်နှာ(၁၂)၊ပုဒ်မ ၂၅ ၊ Sorry ၊အခန်း(၃)၊စာမျက်နှာ(၁၂)၊ ပုဒ်မ ၃၀ မှာ အကျဉ်းထောင်တိုင်းတွင် အကျဉ်းသားများကို ထောင်ဝင်စာဧည့်သည်များ၊ တရားဝင် ဧည့်သည်များနှင့် တွေ့ဆုံနိုင်ရန် အချိန်နှင့်စည်းကမ်းချက်များ သတ်မှတ်ပေးရမည်ဆိုတဲ့နေရာမှာ ဖြည့်စွက်လိုတာကတော့ အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ဝန်ကြီးဌာနက အကျဉ်းသားများကို ထောင်ဝင်စာ ဧည့်သည်များ၊တရားဝင်ဧည့်သည်များနှင့် တွေ့ဆုံနိုင်ရန် အချိန်နှင့် စည်းကမ်းချက်များကို သတ်မှတ်စီစဉ်ပေးရမည်လို့ဖြည့်စွက်လိုပါတယ်။ မည်သည့်အဆင့်ရှိတဲ့လူက သတ်မှတ်စီစဉ်ပေးရမယ် ဆိုတာ မပါရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါကို အကျဉ်းထောင်တာဝန်ခံ သို့မဟုတ် ဝန်ကြီးဌာနက ဆိုတာကို ထည့်ပေးရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၃)၊စာမျက်နှာ(၁၂)မှာ ဒီထပ်တိုးတဲ့အပိုဒ်ခွဲအနေနဲ့က အကျဉ်း သားများနှင့်သီးခြားတွေ့ဆုံခွင့်ရသည့် တရားဝင်ဧည့်သည်များတွေ့ဆုံနေချိန်တွင် မည်သည့်ဝန်ထမ်းမှ မှတ်သားခြင်း၊ နားထောင်ခြင်းမပြုလုပ်ရဆိုတဲ့အချက်ကို ထပ်ပြီးတော့ ထပ်မံဖြည့်စွက်လိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီနေရာမှာ အကျဉ်းထောင်ဝန်ထမ်းတွေကနေပြီးတော့ ဘယ်သူ ညွှန်ကြားမှန်း မသိဘူး၊ အသံဖမ်းစက်တွေနဲ့ ခိုးယူပြီးအသံဖမ်းတာတွေရှိတဲ့အတွက် ဒီလိုမျိုး လူ့အခွင့်အရေးဆုံးရှုံးမှု တွေ မဖြစ်ပေါ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ဆွေးနွေးရခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခန်း(၃)၊ စာမျက်နှာ(၁၃)၊ ပုဒ်မ ၃၂ မှာ ပုဒ်မ ၃၂ ရဲ့ ပြဋ္ဌာန်းချက်ကို ထည့်သွင်းရန် မလိုလို့ ယူဆပါတယ်ခင်ဗျ။ အကြောင်းပြချက်တွေကို ရှင်းလင်းစွာဖော်ပြဖို့လိုပါတယ်။ ဒီနေရာမှာ ဘာဖြစ်လို့လဲဆိုတော့ လုံခြုံရေး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်သော မည်သည့် ထောင်ဝင်စာ ဧည့်သည်များကိုမဆို တွေ့ဆုံခွင့်မပြုရဆိုပြီးတော့ အဲဒီအကြောင်းနဲ့ တချို့ဆို အလဟဿ တွေ့ဆုံခွင့် မရတာတွေ၊ အခွင့်အရေးဆုံးရှုံးတာတွေအများကြီးရှိပါတယ်။ ဒါကြောင့်ဒီနေရာမှာ ဒီအချက်ကို ပယ်ဖျက် ဖို့အတွက် တင်ပြချင်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၃)၊စာမျက်နှာ(၁၅)၊ပုဒ်မ ၃၉ နဲ့ ၄၀ တရားမ အကျဉ်းသားများ နှင့် အချုပ်အကျဉ်းသားများဆိုတဲ့နေရာမှာ ကျွန်တော်ဖြည့်စွက်လိုတာကတော့ ပုဒ်မ ဒီတရားမ အကျဉ်း သားများနှင့် အချုပ်အကျဉ်းသားများ ခေါင်းစဉ်ရဲ့အောက်မှာ ထိုအကျဉ်းသားများသည် စားသောက်ခြင်း နှင့်နေထိုင်ရန်အထောက်အကူပစ္စည်းများကို အကျဉ်းထောင်မှ တာဝန်ယူရမည်လို့ ပြဋ္ဌာန်းပေးဖို့အတွက် တင်ပြလိုပါတယ်။ နည်းနည်းပဲကျန်ပါတော့တယ်ခင်ဗျာ။ အခန်း(၄)၊စာမျက်နှာ(၁၇)၊ အပိုဒ် ၄၄(က)မှာ

ရှိတဲ့ အချက်ကို ပယ်ဖျက်ဖို့အတွက် ဆွေးနွေးတင်ပြလိုပါတယ်။ အပိုဒ် ၄၄ (က)၊အပိုဒ်ငယ် ၂ ကို ပယ်ဖျက်ဖို့အတွက် တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ အခန်း(၆)၊စာမျက်နှာ (၂၀) ပြီးခါနီးပါပြီ။ စာမျက်နှာ(၂၀)ပုဒ်မ ၅၈၊ ပုဒ်မ ၅၈ မှာပါရှိတဲ့အထဲက နောက်ဆုံးစာကြောင်းလေး တွေ့ဖြစ်တဲ့ ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်းပြုနိုင်သည်၊ အကျဉ်းထောင်အရာရှိက ဝရမ်းမပါဘဲနဲ့ ဖမ်းဆီးတာတွေလုပ်နိုင်တယ်၊ ဒီလိုမျိုးလာပြီးတော့ ထောင်ဝင်စာတွေ့တဲ့ဧည့်သည်တွေက ပြစ်မှုတွေ၊ဒီလို အထဲကလူနဲ့ ဟိုဆေးလိပ်ပိတ်ပင်ထားရင်၊ ဆေးလိပ်သွင်းတာ ဒါမျိုးတွေလုပ်တဲ့အခါမှာ ဖမ်းဆီးခွင့် ပေးနိုင်တဲ့ဆိုတဲ့ နေရာမှာ အမှန်မှာ အကျဉ်းထောင်ဝန်ထမ်းက ဖမ်းဆီးခွင့်သူ့မှာမရှိပါဘူး။ ရဲပဲဆိုင်ပါတယ်။ ရဲပဲလုပ်ထုံးလုပ်နည်းအရ လုပ်ပိုင်ခွင့်ရှိပါတယ်။ သူက ထိန်းသိမ်းလို့ပဲရပါတယ်။ ဒါကြောင့် စကားလုံးအရ အများကြီးမှားယွင်းနေပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒီလိုမျိုးအပြင်ကလာတဲ့ လူဟာ ဥပဒေကြောင်းဆိုင်ရာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် သူက ခေတ္တထိန်းသိမ်းပြီးတော့ ရဲလက်ကို ရဲအရာရှိတစ်ဦးဦးထံကို ဆောလျင်စွာ လွှဲအပ်ရမည်၊ ထိုရဲအရာရှိသည် ယင်းကိစ္စကို မိမိမျက်မှောက်တွင် ဖြစ်ပွားသကဲ့သို့ မှတ်ယူပြီးတော့ ဆက်လက်အရေးယူဆောင်ရွက်ရမည်လို့ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။

နောက်တစ်ခုကတော့ နောက်(၂)ခုပဲကျန်ပါတော့တယ်ခင်ဗျာ။ အခန်း(၆)၊ စာမျက်နှာ(၂၁)၊ ပုဒ်မ ၆၁ ရဲ့ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ဖို့အတွက် တင်ပြလိုပါတယ်။ အကျဉ်းထောင်တွေရဲ့ ဒီရည်ရွယ်ချက်တွေ၊ ဥပဒေတွေ ရည်ရွယ်ချက်တွေနဲ့ ဆန့်ကျင်နေတဲ့အတွက် ဒီအချက်ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်လိုတာဖြစ်ပါတယ်။ ဒါ အချိန်လည်းမရလို့ ပြန်ဖတ်မပြတော့တာဖြစ်ပါတယ်။ နောက်တစ်ခုက အခန်း(၆)၊ စာမျက်နှာ(၂၁)ပုဒ်မ ၆၂ ကိုလည်း ပယ်ဖျက်ဖို့အတွက် တင်ပြလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပြစ်မှုကျူးလွန်တဲ့ မည်သူ့ကိုမဆို အရေးယူရမည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့အပိုင်းတွေမှာ မူလအကျဉ်းထောင်တွေရဲ့ ရည်ရွယ်ချက်တွေ၊ ဥပဒေတွေနဲ့ ဆန့်ကျင်နေတဲ့အတွက် ဒီပြစ်မှုကျူးလွန်ရန်ကို ကာကွယ်ပေးထားတဲ့ ပြစ်မှုကျူးလွန်ဖို့အတွက်ကို ကာကွယ်ပေးထားတဲ့ ဥပဒေလို ဖြစ်သွားပါလိမ့်မယ်၊ ဒီလိုရေးလိုက်ရင် ဒါကြောင့်မို့လို့ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အချိန်လုံလောက်အောင် ပေးတဲ့အတွက် ဥက္ကဋ္ဌကြီးကို များစွာကျေးဇူးတင်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ကော်မတီများအလိုက် ဓာတ်ပုံရိုက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ မနေ့က မှတ်တမ်းတင်ဓာတ်ပုံ

ရိုက်တဲ့နေရာမှာ ရိုက်ချင် ရိုက်လို့ရအောင် စီစဉ်ထားရှိပေးပါတယ်။ မိမိတို့ ကော်မတီအလိုက် ဓာတ်ပုံများ ရိုက်မယ်ဆိုလို့ရှိရင် အစည်းအဝေးပြီးတဲ့အချိန်မှာ ရိုက်နိုင်ပါကြောင်း တင်ပြပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံး မင်္ဂလာပါ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များ ခင်ဗျား။ ကျွန်တော် ချင်းပြည်နယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်ဥပဒေကြမ်းအပေါ် ထောက်ခံပြီး ဖြည့်စွက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျွန်တော် အချက် (၃)ချက်ပဲ ဆွေးနွေးသွားပါမယ်။ ပထမ အချက်အနေ ဖြင့် အကျဉ်းသား သီးခြားအခန်းတွင်နေတဲ့ အကျဉ်းသားရဲ့အခွင့်အရေး ဒုတိယအချက်အနေဖြင့် အကျဉ်း သားများ ဘုရားရှိခိုးခြင်းကိစ္စရပ်များ၊ တတိယအချက်အနေနဲ့ အကျဉ်းသားများ ခြင်ထောင်ရရှိရေး ကိစ္စရပ်များဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း ၂ အပိုဒ် ၉ (ဂ) စာမျက်နှာ ၄ မှာ အောက်ဆုံးအပိုဒ်မှာ ဖော်ပြ ထားတဲ့ သီးခြားအခန်းအတွင်း ၂၄ နာရီထက်ပို၍ ချုပ်နှောင်ထားရှိသော အကျဉ်းသား၏ ကျန်းမာရေး အခြေအနေကို တစ်နေ့တစ်ကြိမ်စစ်ဆေးကြည့်ရှုရမယ်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်ဖြည့်စွက်ချင် တာက တစ်နေ့တစ်ကြိမ်အစား တစ်နေ့တစ်ကြိမ်မက လိုအပ်သလို ကြည့်ရှုရမည်ဟု ဖြည့်စွက်လို ပါတယ်။ ဘာကြောင့်လဲဆိုတော့ အကျဉ်းသားများအတွက် ဥပဒေအခွင့်အရေးရယူရန် အလွန်နည်းပါး ပါတယ်။ အကျဉ်းသားများ၏ ဥပဒေအကာအကွယ် ရယူနိုင်ရေးအတွက် တိကျသောဥပဒေများ ပြဋ္ဌာန်းပေးရန် လိုအပ်ပါသည်ဟု ထင်မြင်ပါသဖြင့် တင်ပြရခြင်းဖြစ်ပါတယ်။ ၂၄ နာရီ တစ်ကြိမ်သာ ကြည့်ရှုရမယ်ဆိုပါလျှင် အသက်ဆုံးရှုံးစေနိုင်သောရောဂါများ ရုတ်တရက်ဖြစ်ပွားပါက သီးခြားအခန်း မှာဖြစ်ပါသဖြင့် အကျဉ်းသားတစ်ဦးတည်းသာ နေရသောအခန်းဖြစ်ပါလျှင် အကျဉ်းထောင်ဝန်ထမ်း များနှင့်ဆက်သွယ်ရန် အလွန်အခက်ခဲရှိနေမည်ဖြစ်သောကြောင့် ဆရာဝန်များဆေးကုသရန် ခက်ခဲ မည်ဖြစ်ပါသဖြင့် ဖြည့်စွက်တင်ပြရခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခန်းထဲမှာ တစ်ဦးတည်း ဖြစ်ပါက လာရောက်တွေ့ဆုံမည့်သူ မရှိဘူးဆိုလျှင် သူတို့ ရောဂါများကို မည်သို့မှ အဆက်သွယ်မရ

နိုင်ဘူး။ ၂၄ နာရီ ဆိုတာက မနက် ၈ နာရီကနေ နောက်တစ်နေ့ ၈ နာရီအတွင်း ဖြစ်တဲ့အတွက် ကြန့်ကြာမှု ရှိသောကြောင့် တင်ပြခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း (၂) အပိုဒ် ၁၄ (က) စာမျက်နှာ ၆ နောက်ဆုံးအပိုဒ်မှာ စိတ်ပိုင်းဆိုင်ရာပြုပြင် ပြောင်းလဲရေးအတွက် စီစဥ်ဆောင်ရွက်ပေးရမည်လို့ မူလ က ပြဋ္ဌာန်းတယ်။ ကျွန်တော်တင်ပြချင်တာက စိတ်ပိုင်းဆိုင်ရာပြောင်းလဲရေးအတွက် စီစဥ် ဆောင်ရွက် ပေးရာတွင် အခြေခံဥပဒေက ခွင့်ပြုသည့် ဘာသာများ၏ ဥပုသ်နေ့များကို အကန့်အသတ် စည်းမျဥ်း စည်းကမ်းများဖြင့် ဝတ်ပြုကိုးကွယ်ခွင့်ပြုပေးရမည်။ ၎င်းအပြင်အကျဥ်းသားများ အိပ်ရာဝင် အိပ်ရာထ ချိန် ဘုရားရှိခိုးသောအခါ မိမိကိုးကွယ်သည့် ဘာသာထုံးတမ်းစဥ်လာတိုင်း ဆုတောင်းဝတ်ပြုခွင့်ရ မည်ဟု ဖြည့်စွက်လိုပါတယ်။ အကြောင်းကတော့ ဦးသိမ်းဆွေ လည်း ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ အဲဒီ ဝတ်ပြုကိုးကွယ်ချိန်မှာ ဗုဒ္ဓဘာသာနည်းလမ်းအတိုင်းသာလျှင် ဝတ်ပြုကိုးကွယ်ရတဲ့အတွက် အခြားအကျဥ်း သားများဟာ အခက်အခဲအလွန် ရှိပါတယ်။ ဒါကြောင့်မို့လို့ တင်ပြခြင်းဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ အကျဥ်းသား စာမျက်နှာ (၆) အခန်း(၁၄)ရဲ့ (င) စာကြောင်းရေ (၁၀) မှာ အကျဥ်းသားဦးစီးဌာနသည် အကျဥ်းသားများကို ကျန်းမာရေးစောင့်ရှောက်ရန် အကျဥ်း ထောင်များတွင် ဆေးရုံ သို့မဟုတ် ဆေးပေးခန်းများ ဖွင့်လှစ်ပြီး ဆေးဝါးအလုံအလောက် ထားရှိရ မည့်အပြင် လိုအပ်ပါက မရောက်ခင်ခြင်ထောင်များထုတ်ပေးပြီး လိုအပ်ပါက အထူးကု ဆရာဝန်များ ဖြင့် ကုသနိုင်ရေးအတွက် စီစဥ်ဆောင်ရွက်ပေးရမည်ဟု ခြင်ထောင်များကို ဖြည့်စွက်ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ခြင်ထောင်များ ဘာဖြစ်လို့ ထည့်သွင်းရသလဲဆိုတော့ ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် လုံလောက်သော အချိန်ကုသမှု အရေးကြီးတယ်ဟု ဖော်ပြထားပါတယ် မူလက ၊ သို့သော် ကုသမှုထက် ကြိုတင်ကာကွယ်ဖို့ရာမှာ အင်မတန်အရေးကြီးပါသဖြင့် ခြင်ကိုက်ခြင်း၊ ခြင်ဆေးလိမ်း ခြင်း၊ ခြင်ဆေးခွေများ ထွန်းညှိခြင်းများဟာ အကျဥ်းသားများအတွက် ဒုက္ခပေးတဲ့အချက် ဖြစ်ပါသဖြင့် အကျဥ်းသားများ တစ်ဦးစီအတွက် ခြင်ထောင်တစ်လုံးစီ ထုတ်ပေးနိုင်လို့ရှိရင် ကျန်းမာရေးအတွက် သော်လည်းကောင်း၊ လွတ်လပ်မှုအတွက် သော်လည်းကောင်း ရရှိမည်ဖြစ်ပါသဖြင့် ကျွန်တော် တင်ပြ ခြင်းဖြစ်ပါတယ်။ အကျဥ်းသားများ ခြင်ထောင်ရရှိရေးဟာ ဘုရားကျောင်းများ ကျွန်တော်တို့ သွားတဲ့ အခါမှာ ဆုတောင်းချက် အသီးသီး တင်ပြတာလည်း မကြာ မကြာ အခါအားလျော်စွာ ကြားရှိရတဲ့ အတွက် ဒီအကျဥ်းသားများဟာ ခြင်ထောင်မထောင်ဘဲနဲ့ အိပ်ပျော်ခြင်းဟာ အင်မတန် အန္တရာယ် များပြားတဲ့အတွက် ကျွန်တော် ခြင်ထောင်ကိုရရှိရေးအတွက် တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၂၇။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးနဲ့ ပညာရှင်များအားလုံးကို

မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီဥပဒေနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့နေရာမှာ အဓိက ကဏ္ဍလေး(၂)ခုပဲ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပထမတစ်ခု ကတော့ လက်ရှိ ကျွန်တော်တို့ အခြေအနေမှာ အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုလိုနီခေတ်ကတည်းကိုက ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားဆိုတာရှိခဲ့ပြီး ဖြစ်ပါ တယ်။ A Plus B Plus ဆိုပြီးလည်း ထားခဲ့ပါတယ်။ နောက် ကျွန်တော်တို့ ပါလီမန်ခေတ် အထိလည်း အဲဒါ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၆၂ ခုနှစ်ရဲ့ နောက်ပိုင်းမှာ ပျက်သွားတာ ဒီနေ့အချိန်ထိ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု လက်ရှိကျွန်တော်တို့ အစိုးရသစ်ပေါ်ထွန်းလာတဲ့အခါမှာတော့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက စပြီးတော့ နိုင်ငံရေး အကျဉ်းသားများ စိစစ်ရေးကော်မတီဆိုပြီးတော့ ဖွဲ့ထားပြီး ဖြစ်ပါတယ်။ အရင်တုန်းကတော့ နိုင်ငံရေး အကျဉ်းသားဆိုတာကို ဝေါဟာရအရတောင် လက်မခံတဲ့အခြေအနေ ကနေစပြီးတော့ ဒီနေ့တော့ဖြင့် ပါတီစုံဒီမိုကရေစီကို သွားနေတဲ့အခါ နောင်ဆိုရင်လည်းပဲ နိုင်ငံရေး အကျဉ်းသားဆိုတာ အကြောင်းကြောင်းကြောင့် ဒီမိုကရေစီခေတ်မှာ တွဲဖက်ပေါ်ပေါက်နေဦးမယ်လို့ သုံးသပ်လို့ရပါတယ်။ အဲဒီတော့ ဒီလို နိုင်ငံရေးအကျဉ်းသားတွေက ဒီအချိန်မှာတော့ဖြင့် ထိုက်သင့်သည့် အသိအမှတ်ပြုလာပြီ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေးအကျဉ်းသား ဆိုတာ ဘာလဲဆိုတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ အခု ဒီဥပဒေမှာ စပြီးတော့ပါဝင်ဖို့သင့်ပြီလို့ ကျွန်တော် အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။ ဒီဥပဒေထဲမှာနိုင်ငံရေး အကျဉ်းသားဆိုတာ အဓိပ္ပာယ်မပါသေးပါဘူး။ တစ်နည်းအားဖြင့်ဆိုရင် ခုချိန်ထိ ဒါ ဥပဒေထဲမှာ တရားဝင်မရှိသေးပါဘူး။

ဒါကြောင့် ကျွန်တော် ဖြစ်သင့်တဲ့ အနေအထားမျိုး လက်ရှိအခြေအနေနဲ့ ပြောင်းလဲနေတဲ့ ခေတ်ကာလနဲ့ လျော်ညီစွာ ဒီဥပဒေထဲမှာ နိုင်ငံရေးအကျဉ်းသားဆိုတာကိုလည်း အဓိပ္ပာယ်ထည့်ပြီး ဖွင့်ဆိုပြီးတဲ့နောက် ဒီအဓိပ္ပာယ်နဲ့ လျော်ညီစွာ ဒီဥပဒေမှာ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင် များမှာ ထိုက်သင့်တဲ့ ရရှိသင့်တဲ့ အခွင့်အရေးတွေကို သက်ဆိုင်တဲ့ အကာအကွယ် ပေးနိုင်မှုမျိုးတွေကို ဒီဥပဒေအရ နောက်တွဲ ပုဒ်မတွေမှာ ထည့်သွင်းပြီးတော့ ဖော်ပြပေးဖို့ရာ အချိန်အခါသင့်ပြီလို့ အကြံပြုခြင်း ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုနဲ့ သင့်လျော်တဲ့ ဥပဒေပညာရှင်များ လူမှုအဖွဲ့အစည်းများကို ဥပဒေကြမ်း ကော်မတီက ကြားနာပြီးတဲ့အခါ ဒီကိစ္စကို ထိထိရောက်ရောက်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလိုက်နိုင်မယ်ဆိုရင် လိုအပ်နေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ဆည်းနိုင်မယ်လို့ ယုံကြည်လို့ တင်ပြရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလတုန်းက နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီနဲ့ လုပ်လိုက်တဲ့အခါမှာ နိုင်ငံရေးအကျဉ်းသားပေါင်း (၃၀၀)လောက် ကျွန်တော်တို့ လွှတ်နိုင်ခဲ့ပြီးပေမယ်လို့ နိုင်ငံရေးအကျဉ်းသားဆိုတာကို အဓိပ္ပာယ် မဖွင့်နိုင်တဲ့အတွက် အငြင်းပွားဖွယ်ရာတွေ၊ ရှေ့မတိုးနိုင်တာတွေ၊ ရင်ဆိုင်ခဲ့ရတာတွေ ရှိပါတယ်။ ပြီးတော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးမှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ခြင်းခံရတဲ့ ပယ်ဖျက် စေနိုင်လောက်တဲ့ ဥပဒေထဲမှာ အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုများ၊ နိုင်ငံရေးနဲ့ ပတ်သက်သော ပြစ်မှုများလို့လည်း ပြဋ္ဌာန်းထားခဲ့ဖူးတာ ရှိပါတယ်။ ဒါကြောင့် ဒါကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးတော့ ဒီဥပဒေထဲမှာ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ အခန်းကဏ္ဍနဲ့ ရသင့်တဲ့အကျဉ်းထောင်ထဲမှာရှိတဲ့ ကာကွယ် စောင့်ရှောက်မှုမျိုးအတွက်ကိုပါ ပါဝင်ထည့်သွင်း ပြဋ္ဌာန်းသင့်ပါတယ်လို့ အကြံပြုဆွေးနွေးချင်ပါတယ်။ ဒါ ပထမပိုင်းပါ။

နောက်တစ်ခုကတော့ တစ်ပိုင်းကတော့ ပြင်ဆင်ချက် ဥပဒေနဲ့ပတ်သက်လို့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ အပေါ်မှာ မူတည်ပြီးတော့ တချို့ အကြံပြုဆွေးနွေးစရာလေးတွေ ကျွန်တော်သွားတွေ့ရပါတယ်။ အဲဒါလေးတွေ အကြံပြုချင်ပါတယ်။ ပထမဆုံးကတော့ အခန်း (၂)မှာ ကျွန်တော်တို့ ပြင်ဆင်ချက်ရဲ့ အခန်း(၂)မှာ ရည်ရွယ်ချက်များဆိုတဲ့ ခေါင်းစဥ်နဲ့ ပြင်လိုက်ပါတယ်။ အဲဒီတော့ မူလအခန်း (၂)ရဲ့ ခေါင်းစဥ်က ဘာလဲဆိုတော့ အကျဥ်းထောင်များကို စီမံအုပ်ချုပ်ခြင်းဆိုတဲ့ အခန်းခေါင်းစဥ်ပါ။ အဲဒီအခန်း ခေါင်းစဥ်ကို အခန်း(၂) ရည်ရွယ်ချက်များလို့ ပြောပြီး ဟိုးရှေ့က နိဒါန်းက ဖော်ပြထားတဲ့ စကားလုံးဟာ ဥပဒေရဲ့ ဥပဓိရုပ်ပုံစံအရ ပြောင်းပြီးထည့်တာ ကျွန်တော် ထောက်ခံပါတယ်။ ဒါပေမယ့်လို့ အခန်း (၂)ရဲ့ ခေါင်းစဥ်မှာ ရည်ရွယ်ချက်များလို့ ဖော်ပြပြီးတဲ့နောက် ပုဒ်မ ၃ အဖြစ် သူက ထည့်လိုက ပြီးတဲ့နောက် ကျန်တဲ့မူလ အခန်း (၂) ခေါင်းစဥ်နဲ့ ပတ်သက်တဲ့ ပုဒ်မ ၄ ၊ ၅ ၊ ၆ တွေကို ပုဒ်မတွေ ပြောင်းပြီးတစ်ဆက်တည်း ဆက်ပြီးတော့ အကြံပြု ပြင်ဆင်သွားတာ တွေ့ပါတယ်။ အဲဒီလို တွေ့လိုက်တဲ့ အခါမှာ ဘာသွားတွေ့လဲ အခန်းခေါင်းစဥ်တွေက ရောထွေးနေတာ သွားတွေ့ရပါတယ်။ အဲဒီတော့ ပထမဦးဆုံးဖြစ်တဲ့ ရည်ရွယ်ချက်များ ဆိုတဲ့ ခေါင်းစဥ်အောက်မှာပဲ အခန်းခေါင်းစဥ် မခွဲဘူးဆိုရင်လည်း ရည်ရွယ်ချက်များဆိုတာလည်း မခွဲသင့်တော့ဘူး။ တကယ်လို့ ရည်ရွယ်ချက်များလို့ အခန်း ခေါင်းစဥ် တပ်မယ်ဆိုရင်လည်းပဲ နောက်ထပ် ဆက်ဖြစ်တဲ့ မူလ ပုဒ်မ ၃ ကို ပုဒ်မ ၄ ၊ ၅ ၊ ၆ စသဖြင့် ပြင်တဲ့ ဟာကိုလည်းပဲ အခန်းခေါင်းစဥ် တပ်ဖို့ လိုလိမ့်မယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။

နောက်တစ်ခုကတော့ ဖြည့်စွက်ချက် (၂)ခုပါ။ ဖြည့်စွက်ချက် (၂)ခုက မူလ ပုဒ်မ ၃ ကို ၄ အဖြစ် မူလ ပုဒ်မ ၅ ကို ၆ အဖြစ် ပြောင်းပြီးတော့ မူလပုဒ်မမှာ မပါတဲ့ဟာကို ၇ နဲ့ ထပ်ထည့်ပြီးတော့ ဖြည့်ထား တာရှိပါတယ်။ အဲဒီ ၇ မှာ ထပ်ဖြည့်ထားတာက ဘာထပ်ဖြည့်ထားလဲဆိုတော့ ညွှန်ကြားရေးမှူးချုပ်ရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့် ဖြည့်ထားတာဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်မှာ ညွှန်ကြားရေး မှူးချုပ်သည် အကျဥ်းထောင်များတွင် ပေါ်လာနိုင်သော လုံခြုံရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များတွင် အကျဥ်းထောင် ဝန်ထမ်းအင်အားနှင့် ထိန်းသိမ်းရန် မလုံလောက်သော အခြေအနေမျိုးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့တို့ထံမှ လိုအပ်သောအကူအညီ ရယူနိုင်ရေး နှင့် လိုအပ်ပါက တပ်မတော်ထံမှ အကူအညီရယူနိုင်ရေးတို့အတွက် စီမံချက်များ ရေးဆွဲတင်ပြရမည်လို့ ထပ်ဖြည့်လိုက်ပါတယ်။ ဒါက ရှေ့က အပိုဒ် ၇ အဖြစ် ထပ်ဖြည့်တာဖြစ်ပါတယ်။

နောက် အဲဒီနောက်မှာ ဆက်လာတဲ့အခါမှာ မူလပုဒ်မ အပိုဒ် ၇ ကို ၉ အဖြစ် ပြောင်းပြီးတော့ ၉ ရဲ့ အောက်မှာ အပိုဒ် ၁၀ အနေအထားနဲ့ ထပ်ဖြည့်ထားပြန်ပါတယ်။ အဲဒီမှာ ဘာလဲဆိုတော့ တာဝန်ခံ အရာရှိသည် ပုဒ်မ ၅၁ ပါ ပြစ်မှုတစ်ခုခုကို တားဆီးကာကွယ်ရန်အလို့ငှာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်ထံသို့ အကူအညီ တောင်းခံရမည်။ ထိုသို့ တောင်းခံထားကြောင်း ကိုလည်း ညွှန်ကြားရေးမှူးချုပ်ထံ ဆောလျင်စွာ တင်ပြရမည်လို့ ဖြည့်လိုက်ပါတယ်။ အဲဒီတော့ ဥပဒေအရ ပြန်ကြည့်ရင် ရှေ့ကဖြည့်ထားတဲ့ အပိုဒ် ၇ က ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်ကို ပေးထား တဲ့တာဝန်၊ အခု ဒီကောင်ကျတဲ့အခါကျတော့ တာဝန်ခံအရာရှိကို ဒီ (၂)ခုက ရှေ့နောက် ရောထွေးနေတာ ကို သွားတွေ့ရပါတယ်။ ဥပဒေဟာ ရှုပ်ထွေးသွားတဲ့အနေအထားမျိုးလေးရှိပါတယ်။ အဲဒီမှာ ပထမ အပိုဒ် ၇ မှာ ဖြည့်ထားတဲ့အချက်မှာလည်း ဘာသွားတွေ့ရလဲဆိုတော့ ညွှန်ကြားရေးမှူးချုပ်က လိုအပ်တဲ့ အကူအညီ ရယူရှိနိုင်ရေးအတွက် စီမံချက်များရေးဆွဲရမည်ဆိုတဲ့အထိကတော့ ရှင်းပါတယ်။ ရေးဆွဲပြီး၍

တင်ပြရမည်လို့ ပါလာတဲ့အခါကျတော့ ဘယ်ကိုတင်ပြရမယ်လို့ ဒီပြင်ဆင် ချက်ဥပဒေမှာ ပါမလာတာကို သွားတွေ့ရပါတယ်။ အဲဒါလေးက ပြင်ဆင်ဖို့သင့်မယ်လို့ ကျွန်တော် အကြံပြုချင်ပါတယ်။

အဲဒီလိုဆိုရင် ညွှန်ကြားရေးမှူးချုပ်ကို အပိုဒ် ၇ အရ တိုးချဲ့ပြီး အသစ်ထည့်ပြီးထားပြီဆိုရင် နောက်ထပ် အပိုဒ် ၁၀ အဖြစ် ပုဒ်မ ၅၁ တွင် ဖော်ပြထားသော ကိစ္စရပ်များကို တားဆီး ကာကွယ်နိုင်ရန် အလို့ငှာ ဆိုတာ ဒါ တကယ်တော့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ပုဒ်မ တွေချည်းပါပဲ။ ပုဒ်မ ၅၁ ဆိုတာ ပြင်ထားတဲ့ ပုဒ်မပါ။ မူရင်းပုဒ်မကတော့ ၄၉ ပါ။ ပုဒ်မ ၄၉ ဆိုတာ ကျွန်တော်တို့ ထောင်ထဲမှာ အုပ်စုဖွဲ့ပြီးတော့ ထောင်ပစ္စည်းတွေကို မီးရှို့မယ် ၊ ဖျက်ဆီးမယ် ဘာညာ စသဖြင့် ရုန်းရင်းဆန်ခတ်တွေ ဖြစ်မယ်ဆိုရင်ဆိုတဲ့ အခြေအနေကို ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒါလည်း တကယ်တော့ လုံခြုံရေးနဲ့ ပတ်သက်တဲ့ ကိစ္စ ဖြစ်ပါတယ်။ ဒီလိုဆိုရင် မလိုအပ်ဘဲနဲ့ ကျွန်တော် နောက်ထပ် ရှေ့နောက် ရောထွေးနေတဲ့ ဖြည့်ဆည်းချက်တွေဖြစ်နေတာကို ပြန်ပြီးတော့ စိစစ်သုံးသပ်သင့်တယ်လို့ ကျွန်တော် အကြံပြုချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ မူလ ပုဒ်မ ၆ ကို ပုဒ်မ ၈ အဖြစ် ပြောင်းပြီးတော့ ပုဒ်မခွဲ (င)ကို ပြင်ဆင်ထားတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီမှာ မူလပုဒ်မ ၆ ကို ကျွန်တော်တို့ ပုဒ်မ အပိုဒ် ၈ အဖြစ် ပြောင်းပြီးတော့ ပြင်ဆင်ထားတာမှာ အပိုဒ် (င)ကို ဘယ်လိုပြင်လိုက်လဲဆိုတော့ အပိုဒ် ၆ ကို အပိုဒ် ၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ် ခွဲ (င)မှာ ဖော်ပြထားတဲ့စကားရပ်များအစား ပြစ်မှုကျူးလွန်သည့် အကျဉ်းသားက မိမိကိုယ်တိုင်ကိုသော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်ကို သော်လည်းကောင်း ဘေးအန္တရာယ် တစ်စုံတစ်ရာ ပြုနိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိက လက်ထိပ် သို့မဟုတ် ခြေချင်းခတ်ထားစေနိုင်သည်လို့ ပြင်လိုက်တာ ဖြစ်ပါတယ်။ မူရင်း ပုဒ်မ ၅ ပုဒ်မခွဲ (င)မှာက အဓိပ္ပာယ်ချင်းက ဆန့်ကျင်ပါတယ်။ မူရင်း ပုဒ်မ (င)မှာ ဖော်ပြထားတာက လုပ်ထုံးလုပ်နည်းနှင့်အညီ (၃)လအထိ သံခြေချင်းခတ်ထားသော အကျဉ်းသားအား (၃)လထက် ကျော်လွန်၍ သံခြေချင်း ခတ်သင့်ကြောင်း တာဝန်ခံအရာရှိ တင်ပြချက်အပေါ် စိစစ်ခွင့်ပြုနိုင်သည်လို့ ပေးထားတာ ဖြစ်ပါတယ်။ ဆိုချင်တာက (၃)လထက်ကျော်ပြီးတော့ သံခြေချင်းမခတ်ဖို့ တားမြစ်ထားတာ။ အခု ဒီမှာ ပြင်လိုက်တာကျတော့ အဲဒီလို မဟုတ်တော့ဘဲနဲ့ အကန့်အသတ်မရှိ ခြေချင်းတင်မကဘူး။ လက်ထိတ်ပါ ခတ်စေနိုင်သည်ဆိုတော့ ပြင်ဆင်ချက်က ပိုပြီး တော့ ပြင်းထန်သွာတဲ့အနေအထားရှိပြီးတော့ မူလပုဒ်မ ၅ ရဲ့ ရည်ရွယ်ချက်နဲ့လည်း ဆန့်ကျင်နေတာကို သွားတွေ့ရပါတယ်။ ဒီနေရာမှာ ကြုံကြိုက်လို့ ကျွန်တော်တို့ တင်ပြတဲ့အခါမှာ လက်ထိပ်ဆိုတာ ကျွန်တော်တို့ ထောင်ထဲမှာထပ်ပြီး လက်ထိပ်ခတ်တယ်ဆိုတာ အစဉ်အလာလည်း မရှိပါဘူး။

တကယ်တော့ ဒါမျိုးကတော့ ပြောရရင် တကယ် အခတ် ခံရဖူးတဲ့ ပုဂ္ဂိုလ်တွေမှလည်း စာနာနိုင်မယ်လို့ ထင်ပါတယ်။ လက်ထိပ်ကို နာရီပိုင်းအကြာထိ ခတ်လိုက်တဲ့အခါမှာ အင်မတန် အခက်အခဲ ဖြစ်ပါတယ်။ စားရေးသောက်ရေးနဲ့ ကိုယ်လက် သန့်စင်ရေးကအစ အဲဒီအချိန် ကာလအတွင်းမှာ ခန္ဓာကိုယ် တချို့နေရာမှာ ယားယံတာတောင် ကုတ်လို့မရတဲ့ အနေအထားမျိုး ဖြစ်တဲ့အတွက်ကြောင့် ခြေချင်းခတ်တာနဲ့စာရင် လက်ထိပ်ခတ်တာက ပိုပြီးတော့ အခက်အခဲတွေ အများကြီး ဖြစ်ပါတယ်။ အစဉ်အလာလည်း မရှိပါဘူး။ အခု ဒီထဲမှာ လက်ထိပ် သို့မဟုတ် ခြေချင်း ခတ်ထားစေနိုင်သည်လို့ ဆိုတာဟာ ဒီလိုပြင်ဆင်ချက်ဟာတော့ သင့်လျော်မည် မထင်ဘူးလို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ကို ပယ်ဖျက်သင့်တယ်လို့ ကျွန်တော် တင်ပြပါတယ်။

အဲဒီမှာ ခြေချင်းနဲ့ပတ်သက်လို့ပြီးတော့လည်းပဲ  မူလ အပိုဒ်ခွဲ (င)မှာ ပါတဲ့ (၃)လထက် ပိုပြီးခတ်ထား သင့်တယ်ဆိုရင် ကျွန်တော် တင်ပြရမယ်ဆိုတာ သာမန်အားဖြင့်ဆိုရင် ကျွန်တော်တို့က ထောင်တွေပြောင်းတဲ့အခါ၊ အပြင်ဘုတ်တွေထုတ်တဲ့အခါ အဲဒီလိုဟာမျိုးတွေနဲ့ ဥပမာ ပြစ်မှုပြစ်ဒဏ် ကျူးလွန်တဲ့အခါမှာ (၃)လ မကဘူး။ တော်တော်များများ ခြေချင်းက တစ်ခါခတ်ထားပြီးရင် လွယ်လွယ် ကူကူနဲ့ ပြန်မဖြုတ်ပါဘူး ထောင်ထဲမှာ၊ ဒါကြောင့်မို့လို့ (၃)လ ကျော်သွားပြီးတဲ့အခါမှာဆိုရင် ဘာဖြစ်လဲ ဆိုတော့ ကျွန်တော်တို့ ခြေချင်းကို (၃)လထက်ကျော်ပြီး ခတ်ထားရင် သိပ်အုံသြဖို့ ကောင်းတာက သူ့ အချိန်တန်လို့ ဒီခြေချင်းကို ဖြုတ်လိုက်တဲ့အခါ အဲဒီဖြုတ်လိုက်တဲ့ ညကနေစပြီးတော့ (၃)ရက်ကနေ တစ်ပတ်အတွင်း အိပ်လို့မရပါဘူး။  ခြေထောက်တွေ အကုန်လုံး ကိုက်နေပါတယ်။ ခြေချင်းနဲ့ တောက်လျှောက်နေတုန်းက ဘာမှမဖြစ်ဘူး။ ခြေချင်းဖြုတ်လိုက်တဲ့အခါမှာ ဖြုတ်လိုက်တဲ့ ညကနေ စပြီးတော့  (၃)ရက်ကနေ တစ်ပတ်လောက်အထိ ညတိုင်းမှာ အဲဒီခြေထောက် နှစ်ဖက်စလုံးဟာ အင်မတန်ကိုက်ခဲတဲ့ဝေဒနာတွေ ခံစားရပါတယ်။ တစ်ပတ်ကျော်ရင်တော့ အလိုလို ပျောက်သွားတဲ့ သဘောမျိုးမှာ ရှိပါတယ်။

ဒါကြောင့်မို့လို့ အကျဉ်းထောင်ထဲမှာ အကြာကြီး ခြေချင်းခတ်တဲ့ အဆင့်မရှိပါဘူး။ ခတ်လို့ ရှိရင် လိုအပ်တဲ့ခုန တင်ပြချက်တွေလိုတယ်လို့ (င) က သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကို  ပြင်ဆင် လိုက်တာ ရှေ့နောက် သူ့ မူရင်းအဓိပ္ပာယ်အနေအထားနဲ့ ဆန့်ကျင်နေတာကို သွားတွေ့ရပါတယ်။ နောက်ပြီးတော့ ဒီမှာ ဘာလဲဆိုတော့ ယုံကြည်လောက်သော အကြောင်းရှိဖို့ဆိုပြီးတော့ (င)မှာ ပြစ်မှု ကျူးလွန်သူက မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ယောက်ကိုသော်လည်းကောင်း အန္တရာယ်တစ်စုံတစ်ရာ ပြုနိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိက ဆိုတဲ့ကိစ္စက ဥပဒေ ရေးရာ အင်မတန်  စကားပြောရမယ့်ကိစ္စ ဖြစ်ပါတယ်။ သာမန်အရပ်ထဲမှာ မဟုတ်ပါဘူး။ ထောင်ထဲ မှာဖြစ်နေပါတယ်။ ထောင်ထဲမှာ အကြောင်းကြောင်းကြောင့် ထောင်ဝန်ထမ်းများနဲ့ ထောင်ထဲမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ အကျဉ်းသားနဲ့ တွေ့ပြီဆိုရင် စွပ်စွဲသလောက်ဟာ အကျဉ်းသားတွေက အကာ အကွယ်မဲ့ ခံရတာချည်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ယုံကြည်လောက်သော အကြောင်းဆိုတဲ့ ကိစ္စကလည်း ဥပဒေရေးရာ အရ အငြင်းပွားဖွယ်ရာ ဖြစ်တဲ့ အတွက် ဒါကလည်း ထည့်သွင်း စဉ်းစား သင့်တယ်လို့ ထင်ပါတယ်။

နောက်တစ်ခုကတော့ အပိုဒ် ၇ ကို အပိုဒ် ၉ အဖြစ် ပြောင်းပြီးတဲ့အခါကျတော့ အပိုဒ်ခွဲ (ဂ)မှာ ဘယ်လိုပြင်ထားလိုက်လဲဆိုတော့ အကျဉ်းထောင်အခြေအနေအရဖြစ်စေ ဒါကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက် အကြံပြုချက်စာတမ်း ဖြစ်ပါတယ်။ အပိုဒ်ခွဲ ၉ ကို အပိုဒ်ခွဲ (ဂ)မှာ အကျဉ်းထောင် အခြေအနေအရဖြစ်စေ၊ အကျဉ်းသား၏ စရိုက်လက္ခဏာအရဖြစ်စေ လုံခြုံစွာ ထိန်းသိမ်း ထားရှိရန် လိုအပ်သည်ဟု ယူဆရသည့် မည်သည့်အကျဉ်းသားကိုမဆို သံခြေချင်း ခတ်ထားနိုင်သည်၊ လိုအပ်ပါက သီးခြားအခန်းတွင် ခွဲထားနိုင်သည်။ သီးခြားအခန်းတွင် (၂၄)နာရီထက် ပို၍ ချုပ်နှောင်ထား ရှိသော အကျဉ်းသား၏ ကျန်းမာရေးအခြေအနေကို တစ်နေ့တစ်ကြိမ် စစ်ဆေးကြည့်ရှုရမည်လို့ ပြင်ဆင် ဖြည့်စွက်ဖို့ လုပ်ထားလိုက်တာဖြစ်ပါတယ်။ အပိုဒ် ၉ ရဲ့ အပိုဒ်ခွဲ (ဂ)မှာ အဲဒီတော့ ဒီနေရာမှာလည်း ဘာသွားတွေ့လဲဆိုတော့ အကျဉ်းထောင်ရဲ့ အခြေအနေအရဖြစ်စေ၊ အကျဉ်းသား၏ စရိုက်လက္ခဏာ အရဖြစ်စေဆိုတဲ့ကိစ္စဟာ အင်မတန်မှ ထည့်သွင်းစဉ်းစားရမယ့်  ဥပဒေရေးရာ အချက်ဖြစ်ပါတယ်။

အကျဉ်းထောင်ရဲ့အခြေအနေကြောင့် လိုအပ်လို့ အဲဒီအထဲမှာ ဘယ်အကျဉ်းသားကိုမဆို ခြေချင်းခတ်ပစ်မယ်ဆိုတဲ့ကိစ္စဟာ ကာယကံရှင်ရဲ့ အနေအထား၊ ပြစ်မှုကျူးလွန်တဲ့အနေအထားမျိုး မဟုတ်ဘဲနဲ့ အကျဉ်းထောင်ရဲ့ အနေအထားအရမို့လို့ ဒီလိုခြေချင်းခတ်ခွင့်ပြုမယ်ဆိုတဲ့ကိစ္စဟာ အင်မတန် စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် အဲဒီပြင်ဆင်ချက်ကို ပယ်ဖျက်သင့်ပါတယ်။

မူလက ဖော်ပြထားတဲ့ အပိုဒ်ခွဲ(ဃ)မှာက ဘယ်လိုဖော်ပြထားပြီးသားလည်းဆိုတော့ အကျဉ်းထောင်မှာ ပြစ်မှုကျူးလွန်သူများအတွက် အရေးယူအပြစ်ပေးရေးကိစ္စကို တည်ဆဲဥပဒေ များနှင့်အညီ စီမံခန့်ခွဲရမည်လို့ ပါရှိပြီးဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဇ)မှာ ပြစ်ဒဏ်အရသော်လည်းကောင်း၊ အခြားအကြောင်းကြောင်း ကြောင့်သော်လည်းကောင်း သီးသန့်အခန်းတွင်၊ အဲဒါကို ဥပဒေကတော့ သီးခြားလို့ ပြင်ထားပါတယ်။ သီးသန့်အခန်းတွင် (၂၄)နာရီထက်ပို၍ သီးခြားချုပ်နှောင်ထားရှိသော အကျဉ်းသားကို တစ်နေ့တစ်ကြိမ် ကျန်းမာရေးဝန်ထမ်းနှင့် စစ်ဆေးကြည့်ရှုရမည်ဆိုတာ ပါပြီးသားဖြစ်ပါတယ်။ ဒါကြောင့် မူလမှာ ပြဋ္ဌာန်း ထားတဲ့ (ဃ)နှင့် (ဇ)၊ ပုဒ်မ ၇ ရဲ့ (ဃ)နှင့် (ဇ)အတိုင်းဟာ သင့်လျော်ပြီးတော့ လုံလောက်တာ ဖြစ်တဲ့အတွက်ကြောင့် ဒီပြင်ဆင်ချက်ဟာလည်းပဲ ပယ်ဖျက်သင့်တယ်လို့ အကြံပြုတင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြင်ဆင်ထားတဲ့အချက်တွေမှာ ပြန်ပြီးစိစစ်ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ပြင်ဆင်ချက်တွေကို အကုန်လုံးလိုက်ပြီးတော့ ပြင်လိုက်တဲ့အခါမှာ မူလဥပဒေထဲမှာ ဖော်ပြထားတဲ့ဟာတွေဟာ တချို့ကျန်နေခဲ့တာတွေရှိပါတယ်။ ဥပမာဆိုရင် မူလတုန်းက ပုဒ်မ ၁၁ ကို အကျင့်စာရိတ္တပြုပြင်ပြောင်းလဲရေး ဘာညာဆိုတဲ့ ပုဒ်မတွေ ရှိပါတယ်။ အဲဒီတော့ ပုဒ်မ ၁၁ ကို ပုဒ်မ ၁၄(က)အဖြစ် ပြောင်းတယ်။ ပုဒ်မ ၁၃ ကို ပုဒ်မ ၁၄ (ခ) အဖြစ် ပြောင်းတယ်။ ပုဒ်မ ၁၄ ကို ပုဒ်မ ၁၄ ရဲ့(ဂ)အဖြစ် ပြောင်းတယ်။ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၅ အဖြစ် ပြောင်းလိုက်တယ်။ နောက် ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ လို့ ပြောင်းလိုက်တယ်လို့ အကုန်လုံးပြောင်းထားတာ ရှိပါတယ်။ အဲဒီလို တကယ်ပြန်ကြည့်လိုက် တဲ့အခါမှာ ပုဒ်မ ၁၂ ဟာ ဘာလုပ်မှာလဲဆိုတာ မပါဘဲနဲ့ ကျန်ရှိနေတာ တွေ့ရပါတယ်။ အဲဒီပုဒ်မလည်း အရေးကြီးတဲ့ဟာဖြစ်နေပါတယ်။ ဒါစောစောက တင်ပြသွားတာ ရှိပါတယ်။ မူလပုဒ်မ ၁၂ က အကျဉ်းဦးစီးဌာနက အကျဉ်းသားများရဲ့ စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာမှာ ဘာသာရေးဆိုင်ရာ တရားပွဲများ၊ တရားစခန်းများ နှစ်သိမ့်ဆွေးနွေးမှုများနှင့် ပညာပေးဟောပြောမှုများကို အခါအားလျော်စွာ ပြုလုပ်ရမည်ဆိုတဲ့ပုဒ်မဟာ ဘာလုပ်မလဲဆိုတာ မပါတော့ဘဲနဲ့ ကျန်ရှိနေတာကို သွားတွေ့ ရပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာစိစစ်သင့်တယ်လို့ အကြံပြု ချင်ပါတယ်။

အလားတူပါပဲ။ ပုဒ်မ ၂၁၊ ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်အရ အကျဉ်းထောင်များမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကူအညီတောင်းခံမှုအပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမှ ဆောင်ရွက်ရမည်ဆိုတာလည်းပဲ ပြင်ဆင်ချက်မှာ ပုဒ်မ ၂၁ လည်း ဘာလုပ်မှာလဲဆိုတာ မသိဘဲနဲ့ကျန်ရစ်နေပါတယ်။ နောက်ပြီးတော့ မူလ ပုဒ်မ ၂၄ နဲ့ ပုဒ်မ ၂၄ ရဲ့ (ခ)နဲ့(ဂ)မှာ လူငယ်အကျဉ်းသားများအား အခြားအကျဉ်းသားများနဲ့ ခွဲထားရမည်။ (ဂ) အသက် (၁၆)နှစ် မပြည့်သေးသော ကလေးသူငယ်များကို အကျဉ်းသားအဖြစ် လက်ခံခြင်းမပြုရဆိုတဲ့ ပုဒ်မတွေဟာလည်းပဲ အခုပြင်ဆင်ချက် တင်ပြတဲ့အခါမှာ ဘာလုပ်မှာလဲဆိုတာ မပါဘဲနဲ့ ပုဒ်မတွေ ကျန်ရစ်နေတာကို တွေ့ရပါတယ်။

ဒါတွေကို ဥပဒေကြမ်း ကော်မတီနဲ့ ပြန်လည်စိစစ်သင့်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ပြည်ပနိုင်ငံမှာ အလုပ်လုပ်တုန်းက အကျဉ်းထောင်တစ်ခုမှာ Technician အဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ ကျွန်တော်လို Foreigner တစ်ယောက်က အကျဉ်းထောင်မှာ လုပ်ခွင့်ပြုတယ်ဆိုလို့ရှိရင် ဒီအကျဉ်းထောင်က ဘာအကျဉ်းထောင်လဲလို့ မေးတဲ့အခါမှာ ဒီအကျဉ်းထောင်ဟာ အစိုးရအကျဉ်းထောင် မဟုတ်ပါဘူး။ ဘာသာရေးအဖွဲ့အစည်းတစ်ခုခုကထောင်ထားတဲ့ အကျဉ်းထောင်ပါ။

ဒီအကျဉ်းထောင်ရဲ့ တည်နေရာဟာဆိုလို့ရှိရင် မြို့တစ်ခုရဲ့အစွန်မှာရှိပြီးတော့ လူနေရပ်ကွက်ထဲမှာ ရှိပါတယ်။ ခြံဝန်းကျယ်ထဲမှာ အဆောက်အဦ သုံးလေးလုံးလောက် ဆောက်ထားပြီးတော့ ပင်မအဆောက်အအုံကြီး တစ်ခုရှိပါတယ်။ ဒီပင်မအဆောက်အအုံကြီးဟာ RC အဆောက်အအုံကြီး ဖြစ်ပြီးတော့ အပေါ်ထပ်တွေမှာ အကျဉ်းခန်းတွေ ရှိပါတယ်။ ကျွန်တော်တို့ကတော့ အောက်ထပ်မှာ ရုံးခန်းတွေနဲ့ အောက်ထပ်မှာ အလုပ်လုပ်တာ ဖြစ်ပါတယ်။ ဒီအကျဉ်းသားကတော့ ကျွန်တော် ရံဖန်ရံခါတွေ့ခဲ့ပါတယ်။ ဒီ အပေါ်ထပ်ထဲမှာဆိုလို့ရှိရင်၊ RC ခန်းထဲမှာဆိုလို့ရှိရင် တစ်ယောက်ခန်းလေးတွေ တည်ဆောက်ပြီးလို့ရှိရင် သံတံခါးတွေနဲ့ သေချာသော့ခတ်ထားပါတယ်။ ဒီအကျဉ်းသားတွေကို ကျွန်တော်ကြည့်တဲ့အခါမှာ အခန်းလေး တွေက တစ်ယောက်ကို (၈)ပေ၊ (၁၀)ပေလောက်ကျယ်ပါတယ်။ နောက် အထဲထဲမှာ အိပ်ရာခန်း၊ mattress အိပ်ရာလေးတွေ ခင်းပေးထားတယ်။ နောက် အပြင်မှာ Corridor မှာ တီဗွီလေးတွေ ထုတ်ထားတယ်။ သူတို့ Corridor ကနေပြီးတော့ သူတို့ ထောင်ခန်းထဲကနေပြီးတော့ သူတို့အပြင်က တီဗွီလေးတွေကို သူတို့ ကြည့်ခွင့်ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအကျဉ်းထောင်က ဘယ်သူတွေကို လက်ခံလဲဆိုလို့ရှိရင် သူတို့နိုင်ငံမှာ အစိုးရတွေမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ပြစ်ဒဏ်ကျတဲ့လူတွေ ရှိပါတယ်။ အဓိက ဆေးစွဲနေတဲ့ လူငယ်တွေ၊ လူလတ်ပိုင်းတွေ များပါတယ်။ ဒီဆေးစွဲနေတဲ့ လူငယ်တွေ၊ လူလတ်ပိုင်းတွေဆိုတာ အဓိက အားဖြင့်တော့ ဆေးသမားပီပီ၊ ရုပ်ကတော့ ဆေးသမား ရုပ်ပါပဲ။ ပိန်ချုံးပြီးတော့ ကျန်းမာရေးချို့တဲ့နေတဲ့ ရုပ်ပါ။ ဒီလူတွေကို ဒီအကျဉ်းထောင်ကနေပြီးတော့ ခေါ်ပြီးတော့ ပြုစုစောင့်ရှောက်မှုပေးတာ ဖြစ်ပါတယ်။ ဒီ အကျဉ်းသားတွေ စားနိုင်သောက်နိုင်အောင်လို့ ခေါက်ဆွဲ၊ အသားပြုတ်လေးတွေ၊ အာဟာရအရည်တွေ၊ အားဆေးတွေ ဒီဟာတွေကို သူတို့ ဘာသာရေးအဖွဲ့အစည်းကနေပြီးတော့ အချိန်မှန် တိုက်ပါတယ်။ သူတို့ ဘာသာရေးအဆုံးအမတွေပေါ့။ မူးယစ်ဆေးဝါး ပြတ်ဖို့အတွက် ဘာသာရေးအဆုံးအမတွေနဲ့ သွန်သင်ဟောပြောနေတာလည်း ရှိပါတယ်။

အဲဒီတော့ ဒီအကျဉ်းထောင်ကို သူ သက်ဆိုင်ရာအစိုးရက တာဝန်ကျတဲ့လူကတော့ သော့ကြီး တကားကားနဲ့ လာပါတယ်။ လာပြီး သူက လိုအပ်တာတွေ သော့ဖွင့်ပြီးတော့ စစ်ဆေးတာတွေ လုပ်ပါတယ်။ တစ်ခါတလေ လိုအပ်လို့ရှိရင်လည်း ဖုန်းဆက်ပြီးလို့ ခေါ်လို့ရှိရင်လည်း သူလာပါတယ်။ ဆိုလိုတဲ့ သဘောက အစိုးရကနေပြီးတော့ သူတို့အကျဉ်းသားတွေ ဒီမှာ ပို့ထားပေမယ့် လိုအပ်မှ သူတို့ တစ်ယောက်၊ နှစ်ယောက်ပဲ လာတဲ့သဘောပါပဲ။ အဓိကကတော့ မူးယစ်ဆေးဝါး အကျဉ်းသားတွေဖြစ်တဲ့ အတွက် ဆူတာပူတာတွေ မရှိပါဘူး။ သူတို့ကို လာပြီးကယ်ဆယ်မယ့်သူလည်း ဘယ်သူမှမရှိပါဘူး။ ပြောမယ်ဆိုလို့ရှိရင် တချို့မိသားစုတွေက အိမ်က မူးယစ်ဆေးဝါးသမားတစ်ယောက် ထောင်ထဲရောက် နေတာတောင်မှ ဝမ်းသာနေတဲ့မိသားစုတွေလည်း ရှိပါတယ်။ လူ့အဖွဲ့အစည်းရဲ့ ကူရာမယ့်၊ ကယ်ရာမယ့်၊ ကိုယ်တိုင်လည်း ကျန်းမာရေးချို့တဲ့နေတဲ့သူကို ဒီဘာသာရေးအဖွဲ့အစည်းကနေပြီးတော့ သူတို့နိုင်ငံရဲ့ အစိုးရဆီမှာ ခွင့်ပြုချက်နဲ့ ယူပြီးလို့ရှိရင် အကျဉ်းထောင်တစ်ခု တည်ဆောက်ပေးတယ်။ ဆောက်ပြီး လို့ရှိရင် အကျဉ်းထောင်နဲ့ပတ်သက်လို့ ပြစ်မှုပြစ်ဒဏ်တော့ ခံတယ်။ ဒါပေမဲ့ သူ့ရဲ့လိုအပ်တဲ့အာဟာရ၊ ဆေးဝါးစောင့်ရှောက်မှုကို ပေးတဲ့သဘောပါပဲ။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာလည်း လူမှုရေးအဖွဲ့အစည်းတွေ အခု ပေါ်လာပါပြီ။ အထင်အရှားဆိုလို့ရှိရင် ဒါ မြို့ရွာအနှံ့မှာ နာရေးကူညီမှုအသင်းတွေ၊ ရှင်ရေးကူညီမှုအသင်းတွေ၊ ကျွန်တော့်မဲဆန္ဒနယ်မှာဆိုလို့ရှိရင် အောက်ဆီဂျင်ကူတဲ့အသင်းတွေ၊ အဓိအားဖြင့် လူမှုရေးအသင်းတွေ ပေါ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာလိုအပ်ချက်က ထောင်ထဲမှာ ရောက်နေတဲ့ အကျဉ်းသား အမျိုးမျိုးတို့မှာ ကျန်းမာရေးညံ့နေတဲ့ အကျဉ်းသားတွေ ရှိပါတယ်။ ဒီ ကျန်းမာရေးညံ့နေတဲ့အကျဉ်းသား တွေဟာ သာမန်လူတွေလို နေနိုင်၊ စားနိုင်တာ မဟုတ်ပါဘူး။ ပြုစုစောင့်ရှောက်မှု မပေးဘူးဆိုလို့ရှိရင် သူတို့ဟာဆိုလို့ရှိရင် သာမန်ပြစ်မှုဟာ သူတို့အတွက် သေဒဏ် ဖြစ်သွားနိုင်ပါတယ်။

ဒါနဲ့ပတ်သက်လို့လည်း ၁၉၈၈ ခုနှစ်၊ တက္ကသိုလ်ကျောင်းပြီးကာလစပိုင်းလောက်မှာ အစိုးရ အပြောင်းအလဲ ခေတ်မှာ ရန်ကုန်မြို့မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ တော်တော်လေးကို ဖောဖောသီသီ ဖြစ်သွားပါ တယ်။ ပြောမယ်ဆိုရင် ကျွန်တော့်သူငယ်ချင်းတွေ တော်တော်များများကလည်း မူးယစ်ဆေးဝါး သားကောင် ဖြစ်သွားပါတယ်။ သူတို့ရဲ့အိမ်တွေဆိုလို့ရှိရင် သူတို့ကြောင့် တော်တော်စိတ်ညစ်နေတာမျိုး ဖြစ်ပါတယ်။ နောက်နှစ်နည်းနည်းကြာတဲ့အခါကျတော့ အစိုးရဘက်က နိုင်နိုင်နင်းနင်း အရေးယူတဲ့ အခါကျတော့ သူတို့အားလုံး ထောင်ထဲရောက်ပါတယ်။ အများစုကတော့ ထောင်ထဲမှာပဲ သေသွား ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ နဂိုက ကျန်းမာရေးညံ့တဲ့သူက ထောင်ထဲရောက်တယ်။ ထောင်ထဲ မှာလည်း သူတို့ ကျန်းမာရေး ညံ့တဲ့အခြေအနေနဲ့ ထောင်က အခြေအနေနဲ့ ကြုံတွေ့ပြီးတော့ ပြန်လမ်းမရှိ ဖြစ်သွားတာပါ။ ထောင်ထဲမှာရှိတဲ့၊ ဒီလို အမှောင်ကမ္ဘာတစ်ဖက်ထဲရောက်နေတဲ့ ကျန်းမာရေး ညံ့နေတဲ့လူတွေအတွက်ကတော့ လူမှုကယ်ဆယ်ရေးလုပ်ငန်း လုပ်ဖို့အတွက် ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းတွေက တည်ထောင်တဲ့ အကျဉ်းထောင်တစ်ခုက လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒီအကျဉ်းထောင်ကို လက်ရှိမြန်မာနိုင်ငံရဲ့ အကျဉ်းထောင်ဥပဒေတွေ၊ အခုအသစ်ရေးဆွဲတဲ့ ဥပဒေတွေမှာဆိုလို့ရှိရင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းကနေပြီးတော့ အကျဉ်းထောင်တစ်ခုလေး ဖွင့်ပြီးတော့ လူမှုကယ်ဆယ်

ရေးလုပ်ငန်းတွေ လုပ်ဖို့အတွက် ကျွန်တော်တို့က လမ်းဖွင့်ထားဖို့ လိုအပ်နေပြီ ဖြစ်ကြောင်း ကျွန်တော့် အတွေ့အကြုံနဲ့ တင်ပြပါတယ်။

အဲဒီတော့ ဒီထောင်နေရာတွေနဲ့ပတ်သက်လို့ ဘာမှတော့ မဖြစ်ပါဘူး။ မြို့ရွာမှာ၊ ခြံကျယ်ကျယ်မှာ မြို့/ရွာရဲ့ အစွန်လောက်မှာ ခြံကျယ်ကျယ်နဲ့ တည်ဆောက်နိုင်တဲ့ အနေအထားပါ။ ဒီထောင်မှာ ရှိတဲ့သူတွေက ဘယ်သူတွေကို လက်ခံလို့ရလဲဆိုရင် အဓိက ကျန်းမာရေးညံ့တဲ့သူတွေ၊ မူးယစ်ဆေးဝါးသမားတင် မဟုတ်ပါဘူး၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကူးစက်မဟုတ်တဲ့ ရောဂါတွေ၊ ကူးစက် ရောဂါသည်တွေ နောက် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ နောက် (၂)နှစ်ရောက်သားသည်အမေတွေ၊ ဒီလူတွေ၊ ဒီလူတွေအတွက်ကလည်း ပြုစုစောင့်ရှောက်ဖို့အတွက် လိုအပ်နေတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါတွေဟာ ပုဂ္ဂလိက လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းကပဲ လုပ်နိုင်တဲ့အနေအထားသာ ဖြစ်ပါ တယ်။

နောက် အဓိကအားဖြင့် ဒီလိုထောင်တွေမှာ လက်ခံမယ့်သူတွေကတော့ ပြစ်မှုကြီးကျတဲ့ သူတွေတော့ မဖြစ်သင့်ဘူးပေါ့။ နိုင်ငံတော်မှုကြီး၊ ပြစ်မှုကြီးဖြစ်စေ၊ အဓိကအားဖြင့်တော့ ဒီအကျဉ်းထောင် တစ်ခုက လုံခြုံရေးအဆင့်နိမ့် အကျဉ်းသားဆိုပြီးတော့ သတ်မှတ်ချက်ကလည်း လိုပါတယ်။ ဥပမာ အားဖြင့်ဆိုလို့ရှိရင် ကျွန်တော့် မိတ်ဆွေတစ်ယောက်က သူယာဉ်တိုက်မှု တစ်နှစ်ပိုင်းခြားလောက်ပဲ ထင်ပါတယ်။ ကျပါတယ်။ ကျတဲ့အခါကျတော့ သူကသိပါတယ်။ သူကိုယ်တိုင် သွားအဖမ်းခံတယ်။ သူ့ဘဝဟာဆိုလို့ရှိရင် မိသားစုလည်းရှိပါတယ်။ သူ့ဘဝဟာဆိုလို့ရှိရင် ပြစ်ဒဏ်ခံပြီးမှာ ဘဝကို အသစ် ပြန်လည်တည်ဆောက်မှာ ဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင်ကိုက လိုလိုလားလား အကျဉ်းကျ ခံတာပါ။ ဒီလိုလူတွေက သူအကျဉ်းကျတဲ့အချိန်မှာ ထောင်ကြီးဖောက်နေရင်တောင်မှ သူတို့က ထွက်ပြေးမယ့် လူတွေမဟုတ်ပါဘူး။ အဓိကအားဖြင့်တော့ သူတို့က ပြစ်ဒဏ်ကိုပြီးဆုံးတာကို မျှော်လင့်နေတဲ့ လူတွေအတွက်က ဒီလိုမျိုးပေါ့။ လုံခြုံရေးအဆင့်နိမ့် အကျဉ်းသားတွေအတွက်ကလည်း ကျန်းမာရေး အဆင့်နိမ့် အကျဉ်းသားတွေ၊ လုံခြုံရေးအဆင့်နိမ့် အကျဉ်းသားတွေအတွက်ကလည်း သူတို့ကိုဖေးမမယ့် လူမှုရေး၊ ဘာသာရေး၊ အဖွဲ့အစည်းအသီးသီးကလည်း အကျဉ်းထောင် တည်ထောင်ဖွင့်လှစ်ခွင့်ပြုဖို့ ဒီဥပဒေမှာ ရေးဆွဲပြဋ္ဌာန်းသင့်ကြောင့် ပထမဦးစွာ တင်ပြလိုပါတယ်။

ဆက်လက်တင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအကျဉ်းထောင် ဥပဒေမူကြမ်းကို ဖတ်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော် နှစ်ပိုင်း တွေ့ပါတယ်။ ပထမပိုင်းကဆိုလို့ရှိရင် အကျဉ်းထောင် အရာရှိတွေ၊ ဝန်ထမ်းတွေရဲ့ အပိုင်းနဲ့ အကျဉ်းသားတွေရဲ့ အပိုင်းပါပဲ။ အဓိကအားဖြင့် ဒီဥပဒေကြီးကို အကောင်အထည်ဖော်မယ့်သူက နှစ်ပိုင်းပဲ ရှိပါတယ်။ အကျဉ်းထောင် အရာရှိ၊ ဝန်ထမ်းဘက်က တစ်ပိုင်း နှင့် အကျဉ်းသား တစ်ပိုင်း ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေဟာ သူတို့နှစ်ဖက်အတွက် ရေးဆွဲရမှာဖြစ်တဲ့ အတွက် ဒီဥပဒေကြမ်းမှာကျတော့ အကျဉ်းထောင်အရာရှိ ဝန်ထမ်းတွေအတွက်က အခွင့်အရေးတွေ ပေးထားတာတွေ့ပါတယ်။ ဥပမာအားဖြင့် ခုန ရှေ့ကတင်ပြထားသလို သံခြေချင်းခတ်ခွင့်၊ လက်ထိတ် ခတ်ခွင့်၊ (၃)လအထိ ထားခွင့်၊ (၃)လထက် ကျော်လို့ရှိရင်လည်း ခွင့်ပြုဖို့၊ တိုက်ပိတ်ခွင့်၊ ထပ်ပြီးတော့ အဲဒီထဲမှာ တရားစွဲခွင့်၊ လိုအပ်ပါက သေနတ်အသုံးပြုခွင့်၊ လိုအပ်ပါက စစ်တပ်ကြီးကိုတောင် ခေါ်ပြီး တော့ သုံးခွင့်ဆိုတာမျိုး သူတို့ဘက်က ထောင်အရာရှိနဲ့ ဝန်ထမ်းတွေအတွက်ကတော့ အခွင့်အရေးတွေ ဖောဖောသီသီ ပေးထားတာ တွေ့ရပါ တယ်။ ဒါပေမဲ့ အကျဉ်းသားတွေအတွက်က ဘာအခွင့်အရေးတွေ ပေးထားသလဲ တွေ့တဲ့အခါမှာ အားမနာတမ်း ပြောလို့ရှိရင်တော့ အကျဉ်းသားတွေ အတွက်က ဘာအခွင့်

အရေးမှ မရှိပါဘူး။ အဓိကအားဖြင့် နေရာနဲ့ ပတ်သက်လို့ပေါ့။ အကျဉ်းထောင်တစ်ခုမှာ အကျဉ်းသားတွေကို ဘယ်လောက်အရေအတွက်ထားမယ်ဆိုတဲ့ နေရာသတ်မှတ်ချက်က ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နိုင်သည် ဆိုတဲ့အတွက်က ညွှန်ချုပ်က ဘာမူဝါဒကိုမှ အခြေခံမဟုတ်ဘဲနဲ့ သူ့စိတ်တိုင်းကျ သတ်မှတ်ရမယ်ဆိုတဲ့ အနေအထား ဖြစ်သွားပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အတွေ့အကြုံတစ်ခုကို ပြောရလို့ရှိရင်တော့ ဒီမှာလည်း တစ်ခေါက်ပြောဖူးပါတယ်။ ကျွန်တော် မော်တော်ယာဉ်လုပ်ငန်း လုပ်တုန်းက ကျွန်တော့်တပည့်တစ်ဦးက ရန်ကုန်မြို့မှာ ရိုက်မှုကိစ္စနဲ့ မသက်ာဖြစ်တော့ ရဲက သူ့ကို ခေါ်သွားတယ်။ ပန်းဘဲတန်းမှာ ချုပ်ထားပါတယ်။ ကျွန်တော် သွားတွေ့တဲ့အခါမှာ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်မြို့ ပန်းဘဲတန်းဆိုတာ ကုန်ဈေးတန်းလမ်းမှာရှိတဲ့ ပန်းဘဲတန်းဆိုတာ တိုက်ခန်းအောက်လေးမှာပဲ ရဲစခန်းဖွင့်ထားရတာပါ။ တိုက်ခန်းကျဉ်းကျဉ်း လေးမှာပဲ ရဲစခန်းမှူးရော၊ ရုံးအဖွဲ့တွေရော အကုန်ထားပြီးတော့ အကျဉ်းစခန်းလေးကိုလည်း အဲဒီအထဲမှာပဲ သံဇကာ လေးခြားပြီး ထားတာပါ။ အဲဒီအထဲကို ကြည့်တဲ့အခါမှာ ခုနက ပြောတဲ့ ကျွန်တော့်တပည့်ပါလား ကြည့်တဲ့အခါမှာ အားလုံးက နေရာကျဉ်းကျဉ်းလေးမှာ လူက အများကြီးဆိုတော့ အားလုံးက လဲလျောင်းစရာတောင် မရှိပါဘူး။ အားလုံးက ငုတ်တုတ်လေးတွေ ထိုင်နေရပါတယ်။ သူတို့ ခေါ်ထား၊ ဖမ်းထားတဲ့လူထဲမှာလည်း အရူးတွေလည်းပါတယ်။ အဲဒီလိုမျိုးတွေ ပါတယ်ဆိုတော့ အကုန်လုံး နံစော်ပြီးတော့ကို ဖြစ်နေတာပါ။ ပြောလို့ရှိရင် အချုပ်သား၊ အကျဉ်းသားတွေဆိုတာ သွားချင်ရာ သွားလို့မရဘူး။ နိုင်ငံတော်ကသတ်မှတ်ပေးတဲ့နေရာမှာနေတယ်။ နိုင်ငံတော်က သတ်မှတ်ပေးတဲ့နေရာမှာ ငုတ်တုတ်လေးထိုင်နေရတယ် ဆိုတာမျိုးကလည်း ကျွန်တော်တို့နိုင်ငံတော်ဘက်က လိုအပ်ချက်ရှိနေတာကို ပြောလိုပါတယ်။

အဓိကအားဖြင့်တော့ အကျဉ်းသား၊ အချုပ်သား ဖြစ်ပြီဆိုလို့ရှိရင် သူ့နေရေးဟာ နိုင်ငံတော်က တာဝန်ယူရမှာပါ။ ဘယ်အတိုင်းအတာအထိ တာဝန်ယူရမလဲ။ သူ့ Space ကို ဘယ်လောက်သတ်မှတ်မလဲဆိုတဲ့ နေရာသတ်မှတ်ချက်က၊ definition သတ်မှတ်ချက်က အတိအကျ လိုလာပါတယ်။ ဒီအတိအကျ လိုလာတဲ့ Formula တစ်ခုနဲ့ တွက်ရမှာပါ။ ကျွန်တော်တွေ့ခဲ့တဲ့ နိုင်ငံခြားက အကျဉ်းထောင်မှာဆိုလို့ရှိရင် (၈)ပေ၊ (၁၀)ပေ ခန်းလောက်ကျယ်တယ်၊ တစ်ဦးချင်းထားတယ်။ အိမ်သာပါတယ်။ ရေချိုးဖို့ရတဲ့ နေရာပါတယ်။ တီဗွီကြည့်လို့ရတယ်။ အဲဒီလောက်ထိအောင် space ကျယ်ကျယ်ပေးထားတာ တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ကလည်း အကျဉ်းသား၊ အချုပ်သားတွေနဲ့ ပတ်သက်လို့ သတ်မှတ်ချက်ပေးလို့ရှိရင် Space ဘယ်လောက်အပေါ်မှာ မူတည်ပြီး တွက်ရမှတ်ရမယ်ဆိုတဲ့ အချက်ပါပဲ။ ဥပမာအားဖြင့် အကျဉ်းသားတစ်ယောက်ကို (၁၀)ပေ၊ (၁၀)ပေ၊ (၁၀၀)စတုရန်းပေ သတ်မှတ်တယ်ဆိုလို့ရှိရင် အကျဉ်းထောင်ကြီးက(၁၀၀၀)ပေ စတုရန်းရှိလို့ရှိရင် ဘယ်လောက်သတ်မှတ်မယ်ဆိုတဲ့ အချက်ကို Formula မှာ တွက်ရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သာမန်လူတွေက ဟိုဟိုဒီဒီ သွားလာနိုင်ပေမယ့် အကျဉ်းသားဆိုတာ တစ်နေရာတည်း နေရမယ်။ သူ့ရဲ့နေရာဟာ သူ့ရဲ့ကမ္ဘာ၊ သူ့ရဲ့ဘဝပါပဲ။ ဒါကို ကျွန်တော်တို့က နိုင်ငံတော်ဟာ သူ့ကို ခေါ်ထားတဲ့အတွက် သူ့အတွက်နေရာကိုလည်း ကျွန်တော်တို့ နိုင်ငံတော်က သတ်မှတ်ပြီးတော့နေရာ Space ကို အတိအကျ သတ်မှတ်ရမှာ

ဖြစ်ပါတယ်။ ဒီဥပဒေထဲမှာကို သတ်မှတ်ရမှာ ဖြစ်ပါတယ်။ အကျဉ်းထောင်အရာရှိ ဝန်ထမ်းတွေအတွက် အခွင့်အရေးပေးထားတယ်ဆိုလို့ရှိရင် အကျဉ်းသားတွေအတွက် နေရာအခွင့်အရေးပေးရမှာ ဖြစ်ပါတယ်။

နောက် ဆက်လက်တင်ပြချင်တာက စားစရာပါ။ ဒီစားစရာဆိုတဲ့အမျိုးကလည်း ကျွန်တော် တစ်ချိန်တုန်းက လွှတ်တော်မှာ မေးဖူးပါတယ်။ အချုပ်သားတစ်ယောက်ကို တစ်နေ့ကို ထမင်းဖိုး (၆)ကျပ် ဆိုတာ အရင်ခေတ်ကအတိုင်း ဖြစ်နေတော့ သူတို့က တိုးပေးတယ်ဆိုတာ ပြောပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ စားသောက်ကုန် ဈေးနှုန်းဟာ မနေ့ကဈေးနဲ့ ဒီနေ့ဈေးမတူပါဘူး။ အဲဒီတော့ ကျွန်တော်တို့က စားစရာနဲ့ပတ်သက်လို့ ငွေကြေးပေါ်သတ်မှတ်လို့မရပါဘူး။ သူတို့ အကျဉ်းသားတစ်ယောက်၊ အချုပ်သားတစ်ယောက်ကို ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ပဲ တစ်ယောက်ကို ဘယ်နှုန်း၊ ဘယ်လောက် ကျပ်သားဆိုတဲ့သတ်မှတ်ချက် ရှိရမယ်ဆိုတဲ့ဟာမျိုးကို ပေးရမှာ ဖြစ်ပါတယ်။ ဒီအတိုင်းအတာ ပမာဏကို ကျွန်တော်တို့က ငွေကို သတ်မှတ်လို့ မရပါဘူး။ သူ့ရဲ့စားနပ်ရိက္ခာပမာဏကို သတ်မှတ်ဖို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ အရင်လမ်းစဉ်ပါတီခေတ်က လူတစ်ဦးကို ဆန်ဘယ်နှစ်ပြည် ပေးသလို သတ်မှတ်သလိုမျိုး၊ ဒါကတော့ အဲဒီခေတ်ကတော့ နိုင်ငံသားတိုင်းကို နိုင်ငံတော်က စောင့်ရှောက်တာ။ အခုဟာကျတော့ အကျဉ်းထောင်ဥပဒေဟာဆိုလို့ရှိရင် အကျဉ်းသားတွေကို နိုင်ငံတော်က စောင့်ရှောက်ရမယ်။ ဘယ်လိုပုံစံစောင့်ရှောက်မယ်ဆိုတာမျိုးပေါ့၊ စားနပ်ရိက္ခာ၊ အသား၊ ငါး၊ ပဲ ၊ ဆီ၊ဆန် ကို ဘယ်နှစ်ကျပ်သားထိ သတ်မှတ်မယ်ဆိုတဲ့အတိအကျ သတ်မှတ်ချက်ကလည်း ဥပဒေရေးဆွဲ ပြဋ္ဌာန်းထားဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုကဆိုလို့ရှိရင် အိပ်ရာအခမ်းအနားပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လူဟာ တိရစ္ဆာန် မဟုတ်ပါဘူး။ လူဟာ အိပ်ရာအခမ်းအနားနဲ့အိပ်ရမှာသာ ဖြစ်ပါတယ်။ ကျွန်တော်တွေ့ခဲ့တဲ့ အိပ်ရာ အခမ်းအနား တော်တော်သပ်သပ်ရပ်ရပ် ကောင်းမွန်တာကို တွေ့ရပါတယ်။ ခြင်ထောင်မလိုပါဘူး။ ခြင်ဆန်ခါ တပ်ပေးထားတာပါ။ အဲဒီတော့ လိုအပ်လို့ရှိရင်လည်း ခြင်စကာတပ်ပေးဖို့၊ လုံခြုံရေးအရ လည်း ဇာခြင်ထောင်အဖြူကို ခွင့်ပြုမယ်ဆိုလည်း ခွင့်ပြုနိုင်ဖို့။ အိပ်ရာနဲ့ ပတ်သက်လို့ Definition သတ်မှတ်ချက်တွေကလည်းလိုပါတယ်။ ဒါတွေကို အတိအကျ သတ်မှတ်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အကျဉ်းထောင် ဥပဒေကြီးဟာ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ရှိမယ်ဆိုတဲ့အချက်ကိုလည်း တင်ပြပါ တယ်။

တတိယအချက် တင်ပြရမယ်ဆိုရင် စစ်ဆေးရေးအပိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအမျိုးသားလွှတ်တော်မှာ လွှတ်တော် အစပိုင်းမှာ ကျွန်တော် မေးပါတယ်။ ကျွန်တော့်ကို ဥပဒေပညာရှင် တစ်ယောက်ကလည်း အကြံပြုလို့ပါ။ ဒီဟာလေး မေးပေးပါဆိုလို့ ကျွန်တော် မေးပေးတာပါ။ အဲဒီတော့ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်ဥပဒေမှာဆိုလို့ရှိရင် ဒီအကျဉ်းထောင်တွေကို သက်ဆိုင်ရာ တရားရုံးတွေက စစ်ဆေးရမယ်ဆိုတဲ့အချက်ပါတယ်။ ဒီအချက်ကို ဆရာတို့ စစ်ဆေးလားလို့ မေးတဲ့အခါမှာ အမျိုးသား လွှတ်တော်မှာပဲ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်က ကျွန်တော်တို့ သူတို့ကို စစ်ဆေးပါမယ်ဆိုတဲ့ အကြောင်း ကတိကဝတ်ရပါတယ်။ ဒီအဖြေအတိုင်းပါပဲ။ ကျွန်တော်တို့ နောက်ပိုင်းမှာဆိုလို့ရှိရင် သက်ဆိုင်ရာ

တရားရုံးတွေကို တရားသူကြီးအဆင့်ဆင့်တွေ သွားရောက် စစ်ဆေးနေတာကို တွေ့ရပါ တယ်။ ကျွန်တော် ဝမ်းသာရပါတယ်။

ဒါပေမဲ့ အခု လက်ရှိ အကျဉ်းထောင်ဥပဒေမူကြမ်းမှာဆိုလိုရှိရင် ဒီ စစ်ဆေးရေးအပိုင်းဟာ မပါတော့ပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အကျဉ်းထောင်ဆိုတာမျိုးက First Person ဖြစ်တဲ့ အကျဉ်းထောင်ဝန်ထမ်းနဲ့အရာရှိပါ ဆိုသလို။ Second Person ကတော့ အကျဉ်းသားတွေပါပဲ။ ဒါပေမဲ့ ဒီနေရာဟာ Remote Area ပါ။ လျှောင်ပိတ်နေတဲ့ Area ပါ။ သာမန်လူတွေ မမြင်မတွေ့နိုင်တဲ့ Area ပါ။ အဲဒီတော့ သူတို့ဘာတွေလုပ်နေလဲဆိုတာ စစ်ဆေးတဲ့ Third Person တတိယမျက်လုံး လိုအပ် ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဆိုလို့ရှိရင် ဒီအကျဉ်းထောင်ဥပဒေမူကြမ်းမှာလည်း အကျဉ်းထောင် စစ်ဆေးရေးအပိုင်းကို Third Person တရားရေးမဏ္ဍိုင်ကနေ စစ်ဆေးဖို့လိုအပ်နေတဲ့အချက်ကို ကျွန်တော် ထပ်မံဖြည့်စွက်ပေးဖို့ကို ကျွန်တော် တင်ပြလိုပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ဒီအကျဉ်းသားတွေ ဒီနေရာရောက်ရတယ်ဆိုတာလည်း သက်ဆိုင်ရာ တရားရုံးကြောင့် ရောက်ရတာပါ။ ဘယ်ရဲကြောင့်၊ ဘယ်သူ့ကြောင့်မှ ရောက်ရတာ မဟုတ်ပါဘူး။ ဒီတရားရေးမဏ္ဍိုင်ကြောင့် ရောက်ရတဲ့အတွက် တရားရေးမဏ္ဍိုင်ဟာဆိုလို့ရှိရင် သူလုပ်ခဲ့တဲ့ ကိစ္စတွေဟာ နောက်ဆက်တွဲ ဘာတွေဖြစ်နေလဲဆိုတာ သူသိဖို့လိုတယ်။ လိုအပ်လို့ရှိရင် ပြုပြင် ပြောင်းလဲဖို့ လိုတဲ့အတွက် အကျဉ်းထောင်စစ်ဆေးရေးအခန်းမှာလည်း ၁၈၉၄ ခုနှစ်လို တရားရေး မဏ္ဍိုင်က စစ်ဆေးဖို့လိုအပ်ကြောင်း ကျွန်တော် တင်ပြပါတယ်။

ဒီလို စစ်ဆေးတဲ့အခါမှာတော့ တရားရေးမဏ္ဍိုင်ကနေ ထောင်အရာရှိနဲ့ တိုက်ရိုက်တွေ့စရာ မလိုပါဘူး။ သူ့ရဲ့တင်ပြချက်တွေကို ပြည်ထောင်စုအဆင့် အထက်အဖွဲ့အစည်း အဆင့်ဆင့်နဲ့ တင်ပြ ပြီးတော့ အထက်အဖွဲ့အစည်းက လိုအပ်တဲ့ထိန်းညှိမှုတွေ ပြန်ပြီးတော့လုပ်ပေးဖို့ပါ။ အဓိကအားဖြင့် ကျွန်တော်တင်ပြချင်တာက Remote Area ဖြစ်တယ်၊ မမြင်မတွေ့နိုင်တဲ့ Area ဖြစ်တယ်။ First Person၊ Second Person ပဲရှိတာ စိတ်မချရဘူး။ Third Person ရှိတာက။ ရှေ့က Person နှစ်ခုလုံးအတွက် ကောင်းတယ်ဆိုတဲ့ အချက်ကတော့ စစ်ဆေးရေးအပိုင်းကိုလည်း တတိယ တရားစီရင်ရေးမဏ္ဍိုင်ကနေ ပြီးတော့ အကျဉ်းထောင်စစ်ဆေးရေးအပိုင်းကိုလည်း ပြန်လည်ရေးဆွဲပေးဖို့ ကျွန်တော် တင်ပြလိုပါတယ်။

စတုတ္ထအချက်တင်ပြချင်တာကတော့ အထွေထွေနဲ့ပတ်သက်လို့ တင်ပြချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီရက်ပိုင်းမှာပဲ နိုင်ငံတကာ သတင်းတွေမှာ ပြန့်ပါတယ်။ မက္ကဆီကိုနိုင်ငံမှာ တကယ့်မူးယစ်ရာဇာ သူဌေးကြီးတစ်ဦးကနေပြီးတော့ ထောင်ကနေဖောက်ပြေးပါတယ်။ သူဖောက်ပြေး တာလည်း လွယ်လွယ်ကူကူ မပြေးပါဘူး။ မြေအောက်မှာ ဥမင်လိုဏ်ခေါင်း တစ်မိုင်ကျော်လောက် တူးပြီးတော့၊ ထောင်ထဲမှာလည်း အသေအချာ လုပ်ကိုင်ပြီးတော့ ဖောက်တာပါ။ အဲဒီတော့ ဒီဖောက်ချဖို့က ဘယ်သူတွေပါလဲဆိုလို့ရှိရင် အကျဉ်းထောင်ဝန်ထမ်း တွေကိုယ်တိုင် ပါပါတယ်။ ပါတဲ့အတွက်က ဘာလို့လဲဆိုတော့ ဒီ ထောင်နဲ့ပတ်သက်လို့ CCTV ကို ဖွင့်ကြည့်တဲ့အခါမှာ ထောင်ဖောက်ပြေးမယ့် ရာဇာကြီး သွားလာလှုပ်ရှားနေတာတွေ၊ အခန်းထဲမှာ အပေါက်ဖြစ်နေတာတွေ အကုန်းလုံး CCTV မှာပေါ်ပါတယ်။ ဒါပေမဲ့ ထောင်ဝန်ထမ်းတွေက အကုန်လုံး နှာစီးနေတဲ့အတွက် သူဌေးကြီးကတော့ လွတ်သွားပြီး သူတို့ပဲ အရေးယူခံနေရကြောင်း တင်ပြလိုပါတယ်။

ဒါက ဆိုလို့ရှိရင် နိုင်ငံတကာထောင်တွေမှာ ဗဟိုစင်တာကနေပြီးတော့ အကုန်လုံးကို စောင့်ကြည့်နိုင်တဲ့စနစ် ရှိနေပြီဆိုတဲ့ အကြောင်းကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ပြည်တွင်းမှာဆိုလို့ရှိရင်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြီးခဲ့တဲ့နှစ်က ကျွန်တော့်တူလေး တစ်ယောက် ဆယ်တန်းစာမေးပွဲ အောင်ပါတယ်။ တူလေးက နယ်ကပါ။ နယ်ကပေမယ့် သူ့မိဘတွေက ရန်ကုန်မှာလာ ပြီးတော့ တကယ့်နာမည်ကြီး ပုဂ္ဂလိကကျောင်းတစ်ခုကို လာထားပါတယ်။ အဲဒီတော့ ကျွန်တော် ရံဖန်ရံခါ သွားကြည့်တယ်။ သွားကြည့်တဲ့အခါမှာ၊ ကျွန်တော် အဲဒီ ပုဂ္ဂလိကကျောင်းကို ရောက်တဲ့အခါမှာ အဲဒီကျောင်းအုပ်ချုပ်ရေးအဖွဲ့ရဲ့ အဖွဲ့ကြီးကို ကျွန်တော် တန်းသွားတယ်။ သွားတဲ့အခါမှာ အဲဒီအုပ်ချုပ်ရေး အဖွဲ့မှာ ဘာတွေ့ရလဲဆိုလို့ရှိရင် သူတို့ဆီမှာ အုပ်ချုပ်ရေးနေရာမှာ monitor နဲ့ CCTV camera နဲ့ ကျောင်းကြီးတစ်ခုလုံးကို သူတို့ စောင့်ကြည့်နေတာပါ။ စောင့်ကြည့်ရှိရင် ဘယ်ဆရာ ဘယ်မှာ စာသင်နေတယ်။ ဘယ်လို သင်နေတယ်။ ဘယ်ကျောင်းသားက ရေချိုးနေတယ်။ ဘယ်ကျောင်းသားက ထမင်းစားနေတယ်။ ဘယ်ကျောင်းသားက အိပ်နေတယ်။ ဘယ်ကျောင်းသားက လေ့ကျင့်ခန်းလုပ် နေတယ်။ စာကျက်နေတာကအစ အားလုံးကို သူတို့ monitor ကနေ စောင့်ကြည့်ပြီးလို့ရှိရင် လိုအပ်တဲ့ဟာကို သူတို့ Staff တွေကို Intercom တွေ လိုအပ်သလို သူတို့ command ပေးနိုင်လာပါတယ်။

အဓိကအားဖြင့် ဒီပညာရေးကျောင်းကြီးတွေဟာ အောင်မြင်မှုနဲ့ သူတို့စည်းကမ်းကောင်းမှု၊ သူတို့ရဲ့ နာမည်ယူနေတဲ့ကျောင်းကြီးဖြစ်တဲ့အတွက် ကျောင်းသားတစ်ယောက်တည်း သိန်း သုံး၊ လေး ဆယ် ယူတာပါ။ အဲဒီလို ဖြစ်တော့ ဒီအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် သူတို့ရဲ့ Performance ကို အများဆုံးအောင်အောင်လုပ်ပါတယ်။ လုပ်တဲ့အခါမှာ အချိန်နဲ့တပြေးညီဖြစ်အောင် ကျောင်းသားတွေဘက်ကလည်း ကျောင်းသားတွေတင်မဟုတ်ဘူး။ ဆရာတွေဘက်ကိုပါ သူတို့ရဲ့ အကောင်းဆုံး Performance ရအောင်လို့ စောင့်ကြည့်ပြီးတော့ အုပ်ချုပ်ရေးအဖွဲ့က လုပ်တာပါ။ ကျွန်တော်တို့နိုင်ငံမှာ ခုနက ပြောတဲ့ CCTV စနစ်တွေ၊ Intercom စနစ်တွေက အလွယ်တကူ တပ်ဆင်နိုင်ပါပြီ။ အခု အကျဉ်းထောင်တွေမှာလည်း ဒီစနစ်တွေက တပ်ဆင်ဖို့ လိုအပ်နေကြောင်း ကျွန်တော် တင်ပြပါတယ်။

ဒါကြောင့် အထွေထွေပိုင်းမှာဆိုလို့ရှိရင် ထောင်ကြီးတစ်ခုလုံးကို Network စနစ်၊ Camera စနစ်၊ Audio စနစ်တွေ၊ enter Phone စနစ်တွေတပ်ပြီးလို့ရှိရင် Central Room ကနေပြီးတော့ ဗဟိုထိန်းချုပ် Room ကနေပြီး စောင့်ကြည့်နေလို့ရှိရင် ထောင်ဝန်ထမ်းကိုပါ စောင့်ကြည့်နိုင်ပါတယ်။ ဒီဥပဒေထဲမှာလည်း ထောင်သားအချင်းချင်း နှိပ်စက်ညှဉ်းပန်းမှု မဖြစ်အောင် စောင့်ကြည့်ရမယ်ဆိုတဲ့ အချက် ပါပါတယ်။ ဒီအချက်က ထောင်သားတွေကို အမြဲတမ်း ထောင်ဝန်ထမ်းကြီးက ငုတ်တုတ်ကြီး ထိုင်ကြည့်ဖို့ မဖြစ်ပါဘူး။

အဲဒီတော့ ထောင်ထဲမှာဆိုတာ အခန်းပေါင်းများစွာ ရှိတဲ့နေရာတွေကို CCTV Camera နဲ့သာ တပ်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီနည်းပညာကလည်း ဒီနေ့ ခေတ်စနစ်မှာ အဆင်သင့်ဖြစ်နေပါပြီ ခင်ဗျား။ ဒါ နိုင်ငံတကာထောင်တွေမှာလည်း ဒီစနစ်ကို တပ်ဆင်နေကြောင်း မက္ကဆီကို ကနေပြီးတော့ ပြနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီစနစ်တွေကို တပ်ဆင်ပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာလည်း Camera တပ်ဆင်တဲ့ ကုမ္ပဏီတစ်ခုကို ကျွန်တော်နဲ့ အသိ

တစ်ယောက်ပါတော့ တွေ့တဲ့အခါမှာ မိတ်ဆက်တော့ ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ တပ်နေကြောင်း သိပါတယ်။ ဒီ Camera တပ်ဆင်မယ်ဆိုလို့ရှိရင် တပ်ဆင်တဲ့ကုမ္ပဏီတွေက အဆင်သင့်လာတပ်ဆင်မှာပဲ။ ကိုယ်ကနေပြီးတော့ စောင့်ကြည့်ဖို့ပါ။ ဒီလို စောင့်ကြည့်တယ်ဆိုတာ အကျဉ်းသားအချင်းချင်းမဟုတ်ဘူး၊ အကျဉ်းထောင်ဝန်ထမ်းတွေရော၊ အကျဉ်းထောင်ကြီးရဲ့ ဖွဲ့စည်းပုံလုံခြုံရေးစနစ်ကိုပါ စောင့်ကြည့်နိုင်တာဖြစ်ပါတယ်။ ဒီစနစ်ကတော့ အားလုံးလက်ရှိ ပုဂ္ဂလိကတောင် သုံးနိုင်တဲ့အတွက် အစိုးရအကျဉ်းထောင် တွေမှာလည်း ဒါကို တပ်ဆင်ရမယ်။ ဒါကို Record လုပ်ရမယ်၊ တစ်ချိန်မှာ လိုအပ်လို့ရှိရင် အကျဉ်းထောင်နဲ့ပတ်သက်လို့ ပြစ်မှုတွေဖြစ်လို့ရှိရင် ဒါကို Recall လုပ်ပြီး ပြန်ကြည့်နိုင်လို့ရှိရင် ဘယ်သူတွေ ဘာကို ချိုးနေတယ်ဆိုတာကို ကျွန်တော်တို့က သိနိုင်မှာဖြစ်တဲ့အတွက် ဒါကို တပ်ဆင်မှုကိုလည်း အထွေထွေအခန်းမှာ ရေးဆွဲပြဋ္ဌာန်းပေးဖို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ ကျန်ရှိတဲ့ အစီအစဉ်ကို မနက်ဖြန်ကို ရွှေ့ဆိုင်းပါမယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၇၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၇၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၀)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]